**မြဝတီ** နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နွေသင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**နွေသင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၂၂-၅-၂၀၂၅ ရက်နေ့မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂-၆-၂၀၂၅ ရက်နေ့မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

# မအူပင်မြို့နယ်၌ မြေပဲစိုက်ဧကများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

မအူပင် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၂၀၁၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောပြချက်အရ သိရသည်။



မအူပင်မြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေပဲ ၂၀၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးခဲ့သောမြေပဲများကို ယခုနှစ်ဖေဖော်ဝါရီလပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၁ ဒသမ ၁၁ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၂၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေကိုနုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့ မြေပဲတွေက အထွက်နှုန်းကောင်းသလို

**စာမျက်နှာ ၇ ကော်လံ ၃** ●

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၃-၅-၂၀၂၅

| | | |
|---|---|---|
| ထားဝယ် | ၄ | ဒသမ ၀၆ လက်မ |
| မိုင်းကိုင် | ၁ | ဒသမ ၂၁ လက်မ |
| ပင်လောင်း | ၁ | ဒသမ ၁၄ လက်မ |
| မြိတ် | ၁ | ဒသမ ၀၆ လက်မ |
| စစ်တွေ | သုည | ဒသမ ၉၄ လက်မ |
| တာချီလိတ် | သုည | ဒသမ ၆၇ လက်မ |
| ငပုတော | သုည | ဒသမ ၆၀ လက်မ |
| မူဆယ် | သုည | ဒသမ ၅၉ လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | သုည | ဒသမ ၅၁ လက်မ |
| ကော့သောင်း | သုည | ဒသမ ၅၁ လက်မ |



**လျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဒုတိယနေ့ဆက်လက်ရောင်းချ**

စာ - ၁၁ သို့

**၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ**

စာ - ၁၇ သို့

### ဆောင်းပါး

**ရိုင်းမြစ်မှသည်- - - - -**

စည်သူ

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၄ ရက်)

# အနာဂတ်ခရီးလမ်းကောင်းကို လျှောက်လှမ်းကြရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာတွင် ရေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ကာ စနစ်တကျတည်ဆောက်နေခြင်းဖြစ်သည်။ အနာဂတ်တွင် နိုင်ငံတော်ကိုတာဝန်ယူကြရမည့်သူများမှာ ယနေ့လူငယ်များဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအားလုံး ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် တည်ဆောက်နိုင်လေလေ နိုင်ငံတော်၏အနာဂတ်အတွက် ပိုမိုကောင်းမွန်လေဖြစ်ပေမည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များတွင် လူငယ်များ၏အခန်းကဏ္ဍနှင့်ပတ်သက်၍ အဓိကဦးတည်ချက်ထားဆောင်ရွက်လျက်ရှိသည်။

လူငယ်များနှင့်ပတ်သက်၍ “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး” ဟူသော ဦးတည်ချက်များမှာ အနာဂတ်နိုင်ငံတော်နှင့်လူငယ်များအတွက် ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

“လေးစားအပ်သော အလုပ်ဟူသမျှတွင် ဖြတ်လမ်းဟူ၍မရှိချေ”ဟု စာပေပညာရှင်တို့မိန့်ဆိုထားသည့်အတိုင်း ယနေ့လူကြီးများသည် လူငယ်ဘဝကကြိုးစားအားထုတ်မှုမရှိဘဲ ဖြတ်လမ်းဖြင့် ထိုနေရာသို့ရောက်လာခဲ့ကြခြင်းမဟုတ်ပေ။ ကိုယ်ပိုင်အရည်အချင်းပြည့်ဝအောင် ကြိုးစားအားထုတ်ခြင်းမပြုဘဲ အချိန်လေအချိန်လွင့်များခဲ့သောလူငယ်များသည်လည်း သာမန်ဘဝဖြင့်ပင် ရုန်းကန်လှုပ်ရှားနေထိုင်ကြရသည်။ အထူးသဖြင့် အတွေးအခေါ်အသိအမြင်လွဲမှားကာ နိုင်ငံတော်အစိုးရကိုဆန့်ကျင်ပုန်ကန်ရန် လုပ်ဆောင်သူလူငယ်များအနေဖြင့် အမှောင်လမ်းတွင် စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းနေသူများနှင့် ပမာတူလှသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံရှိလူငယ်မောင်မယ်များအားလုံးကို အဖိုးတန်သောလူငယ်များဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ လူငယ်ဘဝမှလူကြီးဘဝသို့လျှောက်လှမ်းနေသောခရီးလမ်းကိုချောမွေ့စေရေး ဖန်တီးပေးလျက်ရှိရာတွင် လူငယ်များအားလုံးက လိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့တစ်ဦးချင်းစီ၏ဘဝများ လှပလာမည့်အပြင် နိုင်ငံတော်အနာဂတ်သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်သာယာလာမည်ဖြစ်သည်။

လူငယ်များကို အနာဂတ်နိုင်ငံ၏ အိပ်မက်ကောင်းများကို အကောင်အထည်ဖော်မည့်သူများအဖြစ် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိရာတွင် ပညာရေးတစ်ခုတည်းသာမကဘဲ ကျန်းမာရေး၊ လူမှုဆက်ဆံရေး၊ ဗလငါးတန်ပြည့်ဝရေးတို့အထိ စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ လတ်တလောတွင် ငလျင်ဘေးဒဏ်ကြောင့် မီးလောင်ပျက်စီးဆုံးရှုံးသွားသော တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများဆုံးရှုံးခြင်းအတွက် လူငယ်တို့၏အနာဂတ်တွင် တရားမျှတမှုနှင့်ဂုဏ်သိက္ခာရှိမှုအတွက် တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်လည်ကျင်းပပေးသည်။ ထိုစာမေးပွဲတွင်အပူအပင်ကင်းမဲ့စွာ ဖြေဆိုနိုင်ရေးအတွက် သင်ကြားရေးဆိုင်ရာများ၊ စားသောက်နေထိုင်ရေးကိစ္စများအားလုံးကို အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ၏အနာဂတ်ဘဝ အဆင်ပြေချောမွေ့စေရေးကို အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ဥပဒေဘောင်အတွင်းနေထိုင်လျက်ရှိသည့်လူငယ်များ၏ဘဝမြင့်မားရေးဆောင်ရွက်ပေးနေသကဲ့သို့ ဥပဒေပြင်ပသို့ရောက်ရှိသွားသည့်လူငယ်များကိုလည်း ဥပဒေနှင့်အညီပြန်လည်ဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ကို နားလည်သဘောပေါက်ကာ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများရှိသည်။ အဆိုပါဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏သားသမီးရင်းချာပမာသဘောထား၍ လှိုက်လှဲစွာကြိုဆိုသည်။ လက်နက်ခဲယမ်းများပါလာခဲ့လျှင် ပါလာခဲ့သည့်အရေအတွက်အတိုင်း ဆုငွေများချီးမြှင့်ပေးအပ်သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဧပြီလ ၂၅ ရက်က ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၂ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့်သေနတ် ၅ လက်၊ ကျည်အိမ် ၁၃ ခု၊ ကျည် ၉၀၀ တောင့်နှင့် လက်ပစ်ဗုံး ၅ လုံးတို့ကိုအပ်နှံသည်။ အဆိုပါလက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများစွာ ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့သည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ လူငယ်မောင်မယ်များအား စနစ်တကျကျွေးမွေးစောင့်ရှောက်ကာ လိုအပ်သည့်အသုံးအဆောင်များဖြည့်ဆည်းပေးပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်အပ်နှံပေးခဲ့သည်။ ထို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာနေသည့် လူငယ်များစွာရှိနေပြီဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ဥပဒေဘောင်အတွင်းနေထိုင်ခြင်းဖြင့် မိမိတို့၏ အနာဂတ်ခရီးလမ်းကောင်းကို လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မိုးစပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြ

မုဒုံ မေ ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာရှိ ဘုရားကျောင်းကွင်း၌ မိုးစပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့် စိုက်ပျိုးခြင်း တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို မေလ ၁၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင် ဦးကျော်မြင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များတက်ရောက်ပြီး မိုးစပါးမျိုးစေ့ချကိရိယာ(Seeder)ဖြင့် လက်တွေ့စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က တောင်သူများအား မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးခြင်းသည် ကြဲခင်းစနစ်တွင် အထွက်နှုန်းတိုးတက်စေရန်အတွက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စနစ်တကျဆောင်ရွက်ခြင်း၊ အတန်းလိုက်စနစ်ဖြင့် အပင်ပေါက်ညီညာခြင်း၊ အပင်ပြုစုထိန်းသိမ်းရာတွင် လွယ်ကူစေခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ အပင်အာဟာရနှင့် လေဝင်လေထွက်စနစ်ကောင်းမွန်ခြင်းကြောင့် တစ်ဧကအထွက်နှုန်းတိုးတက်နိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲသို့ ကြည့်ရှုအားပေးကာ မိုးစပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန်အတွက် လိုအပ်သည်များမှာကြားကြောင်း သိရသည်။

(၄၀၆)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့၌ နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



ပြည် မေ ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ပြည်မြို့၌ မေလ ၆ ရက်မှ ၁၂ ရက်အထိဖွင့်လှစ်ခဲ့သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲအခမ်းအနားကို မေလ ၁၃ ရက်တွင် ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်း/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပဲခူးတိုင်းဒေသကြီး(အနောက်) အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကင်းထောက်လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ပဲခူးတိုင်းဒေသကြီး(အနောက်)အနေဖြင့် ပြည်ခရိုင် ပြည်မြို့နှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့တို့၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်ပြီး လူငယ်ကင်းထောက်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လာခဲ့ကာ ကိုဗစ်-၁၉ ရောဂါကာလတွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့၌ ကင်းထောက်မောင်မယ် ၆၀ ဦးနှင့် နည်းပြ/ရုံးအဖွဲ့ ၁၀ ဦးတို့ဖြင့် သင်တန်းဖွင့်လှစ်ပြီးမြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လူငယ်ကင်းထောက်သင်တန်းမှ ပူးပေါင်းဆောင်ရွက်လိုစိတ်၊ လုပ်ငန်းတစ်ခုအပေါ် အစ၊ အလယ်၊ အဆုံး အောင်မြင်အောင်ဆောင်ရွက်လိုစိတ်များရရှိပြီး အများအကျိုး၊ နိုင်ငံ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် နိုင်ငံတော်မှ အားထားရသော လူကောင်း၊ လူတော်၊ လူရည်ချွန်များဖြစ်ကြရန် ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို ကင်းထောက်လူငယ်မောင်မယ်များ၏ကင်းထောက်လှုပ်ရှားမှုဗီဒီယိုကလစ်ကိုဖွင့်လှစ်ပြသခဲ့ပြီး ၂၀၂၅ ခုနှစ် ကင်းထောက်လူငယ်မောင်မယ်များက သင်တန်း၌ လေ့ကျင့်သင်ကြားခဲ့သော ရှေးဦးသူနာပြုနှင့်လူမှုကယ်ဆယ်ရေးစွမ်းရည်များကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ကင်းထောက်လူငယ်မောင်မယ်များကို သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တိုင်းဒေသကြီး(ရုံးခွဲ) ပညာရေးမှူးဒေါက်တာချစ်ကိုကိုက ပဲခူးတိုင်းဒေသကြီး (အနောက်) ပညာရေးဌာနများမှ သဘာဝဘေးအတွက် လှူဒါန်းငွေ ငွေကျပ်သိန်း ၅၀ ကို တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးထံ ပေးအပ်လှူဒါန်းခဲ့ကာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းနည်းပြဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ (၁၄) ကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ (၉) ကြိမ်မြောက် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ငဖဲ မေ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ဧပြီလ ၁ ရက်မှ မေလ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သော (၁၄) ကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ၊ (၉) ကြိမ်မြောက် အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မေလ ၁၂ ရက်က ဇီးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း မဟာကုသလကာရီဓမ္မဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် သံဃာတော်များ၊ ဧည့်ပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မိုးကုတ်နယ်လှည့်ဓမ္မကထိက ရွှေစက်တော်ဆရာတော် ဦးသုန္ဒရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ဦးသုန္ဒရက ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ယဉ်ကျေးလိမ္မာ၍ လူတော်လူကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြရန်၊ သင်ကြားပြီးခဲ့သည့်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ကောင်းစွာအသုံးချရန် ဩဝါဒစကားမိန့်ကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ နွေရာသီယဉ်ကျေးလိမ္မာစာမေးပွဲ အဆင့်(၅)ဆင့်တွင် ဖြေဆိုအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် နည်းပြဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ကွန်ပျူတာသင်တန်းတက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

ဇီးတောကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးခဲ့သော ယဉ်ကျေးလိမ္မာသင်တန်းတွင် KG မှ Grade-9 အထိ ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး၊ အခြေခံကွန်ပျူတာသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲယဉ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲယဉ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉ ဒသမ ၂၁ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲယဉ်း ၂၁၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၁၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပဲယဉ်းစိုက်ခင်းများကို ဒေသခံတောင်သူများက ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းရာ လက်ရှိတွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲယဉ်း ၁၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲယဉ်းတွေ လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲယဉ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတိုးတက်ဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးကြဖို့ တောင်သူတွေကို လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

အဆိုပါ ပဲယဉ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေးစသည့် တောင်သူအသိပညာပေးလုပ်ငန်းများအပြင် သီးနှံရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်း အထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီသီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်စေရန် အမိုးအကာများအောက်၌ စနစ်တကျထားသိုသိမ်းဆည်းနည်းစနစ်များကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲယဉ်းကို အထွက်နှုန်းများတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ဒေသမရွေး ပဲယဉ်းကို ပိုမိုစိုက်ပျိုးနိုင်အောင် ကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### တင်စီးခြင်း မခံချင်တတ်ပုံ

မန်ကျည်းတုံရွာ၌ သုံးလေးလနေမိကြသောအခါ မစိုးကလည်း မိဘများနှင့်တွေ့ချင်၊ ကျွန်ုပ်ကလည်း ကိုသိန်းဖေထံမှ အလည်လာဖို့ စာများရရှိသည်နှင့် မြတောင်သို့ လာခဲ့ကြ၏။ (ကိုသိန်းဖေမှာလည်း ထိုအချိန်တွင် မြတောင်တောအုပ်ကြီးဖြစ်နေလေပြီ) တောအုပ်ရုံးနှင့် မစိုးမိခင်၏အိမ်မှာ မျက်နှာချင်းဆိုင်တည့်ရှိရာ ကျွန်ုပ်သည် တောအုပ်ရုံး၌ ကိုသိန်းဖေနှင့် အချိန်ကုန်သည်သာများ၍ တောအုပ်၏အစားအသောက်အတွက်ပါ တာဝန်ယူပေးသည်။ ကိုသိန်းဖေသည် သေနတ်သမားဖြစ်၍ သူ့အိမ်၌ အစားကောင်းမပြတ်ဘဲရှိရာ အစားနှင့်မျှားလျှင် ဘင်္ဂလားလိုက်မည်ဟုသဘောထားသော ကျွန်ုပ်အဖို့မှာ အကြိုက်တွေ့လျက်ရှိလေ၏။ ဤတစ်ခေါက်တွင် မြတောင်ရွာ၌ ကျွန်ုပ်၏ ပညာအစွမ်းတစ်ခုပြဖို့ အခွင့်ကြုံခဲ့၏။ ကျွန်ုပ် ရန်ကုန်၌ရှိစဉ် ကိုသိန်းဖေနှင့် ကျွန်ုပ်သည် (ထိုခေတ်က ထုံးစံအတိုင်း) အင်္ဂလိပ်လို စာပေးစာယူပြုလုပ်လေ့ရှိရာ ကိုသိန်းဖေသည် ကျွန်ုပ်ညွှန်ပြသော အင်္ဂလိပ်ဝတ္ထုကောင်းကြီးများကို ဖတ်ခြင်းအားဖြင့် သူကိုယ်တိုင်လည်း အတော်ကြီးရေးတတ်၍ ကျွန်ုပ်၏အရေးအသားကိုလည်း ချီးမွမ်းဖို့ သဘောပေါက်လာခဲ့လေပြီ။ သူက ကျွန်ုပ်အား (Copperfield) ကော့ပါးဖီး (လူရိုးကလေး) ဟု ခေါ်ဝေါ်ရေးသားရာတွင် ကျွန်ုပ်ကလည်း သူ့အား (Steerforth) စတီးယားဖို့ (လူလည်ကြီး) ဟု ပြန်လည်ခေါ်ဝေါ်ရေးသား၏။ ဤအမည်များမှာ အင်္ဂလိပ်စာရေးဆရာကြီး ဒစ်ကင်းစ်၏ဝတ္ထုထဲမှ အမည်များဖြစ်ပေရာ ကော့ပါးဖီးသည် လူရိုးလူကောင်းကလေးတစ်ယောက်ဖြစ်၍ စတီးယားဖို့မှာကား လူလည်လူရှုပ်တစ်ယောက်ဖြစ်၏။ သို့နှင့် ကိုသိန်းဖေသည် လူလည်တစ်ယောက်ဖြစ်ချင်သည်နှင့်ပင် လူပွေလူရှုပ်ဟူသောအခြင်းအရာကိုပါ တွဲ၍လက်ခံလို၏။ ကျွန်ုပ်အားလည်း လူရိုးလူကောင်းဘွဲ့ကိုပေးထားသောကြောင့် ကျွန်ုပ်သည် လူကောင်းကို သဘောကျသော်လည်း လူရိုးဟူသည်မှာ လူအ အဓိပ္ပာယ်မျိုးလည်း တွဲလျက်ရှိသောကြောင့် မနှစ်သက်လှချေ။ သို့သော် ကျွန်ုပ်သည် သူ့လောက်မလည်ခြင်းကို ဝန်ခံနိုင်သည့်အပြင် သူကိုယ်တိုင်က လူပွေလူရှုပ်ဟူသောစကားလုံးကို လက်ခံပေသည်ဆိုကာ သူပေးသောနာမည်ကို လက်ခံလိုက်ရပါတော့သည်။ ဤအခြင်းအရာကို ဖော်ပြရခြင်းမှာ အလွန်ခင်မင်ရင်းနှီးသောသူငယ်ချင်းပင်ဖြစ်စေကာမူ မိမိအပေါ်တွင် လူလည်လုပ်ခြင်းကို မခံချင်တတ်ကြောင်း ဖော်ပြလိုသောကြောင့်ဖြစ်ပါသည်။ မိမိထက်လည်သည်ဟု ဝန်ခံနိုင်သော်လည်း သူကိုယ်တိုင်က အသားယူဟန်နှင့် ပြောသောအခါ၌ မခံချင်တတ်ခြင်းမှာ လူ့သဘာဝပေတည်း။ သို့ရာတွင် ဤနေရာ၌မူ ကိုသိန်းဖေသည် သူ့ကိုယ်သူ လူရှုပ်တစ်ယောက်ဟု ဝန်ခံရာရောက်သောကြောင့် တစ်ဖက်က အသားယူခြင်းကို ကျွန်ုပ်ကျေနပ်နိုင်ပါသည်။

### ကိုယ်ရည်သွေးနိုင်ခြင်းတစ်ခု

ကျွန်ုပ်၏ပညာစွမ်းပြနိုင်ခွင့်ရသည်ဆိုခြင်းမှာ ဤသို့တည်း။ ကိုသိန်းဖေသည် ကျွန်ုပ် အင်္ဂလိပ်လိုရေးတတ်ခြင်းကို ကောင်းကောင်းသိသည်ဖြစ်၍ ကျွန်ုပ်အဖို့ မုန့်ဖိုး (ဘီယာဖိုး)ရဖို့ အလုပ်ကလေးများ ဆွယ်ပေး၏။ ထိုစဉ်အခါက မြတောင်ရွာ၌ရှိသော သစ်တောဘက် အကောက်ဝန်ထောက်တစ်ယောက်သည် သူ၏အလုပ်နှင့်ပတ်သက်၍ အထက်အရာရှိကြီးများ၏ မသင်္ကာခြင်းခံရ၍ ရာထူးမှ ခေတ္တချထားခြင်း (Suspension) ခံရသည်တွင် ထိုသူအတွက် 'အသနားခံလွှာ' ရေးပေးရန် ကိုသိန်းဖေက ဆက်သွယ်ပေး၏။ ဝန်ထောက်သည် ကျွန်ုပ်အပေါ်၌ ဖော်ရွေသင့်သလောက် ဖော်ရွေခြင်းမရှိဘဲ အနည်းငယ်ဟန်ကြီးပန်ကြီးလုပ်နေသည်ဟု ကျွန်ုပ်ထင်သောကြောင့် ငွေ ၅၀ ကျပ်ရမှ ရေးပေးနိုင်မည်ဟုပြောစေရာ ဝန်ထောက်သည် ညည်းညည်းညူညူနှင့်ပေးရ၏။ သူ၏အထင်မှာ ကျွန်ုပ်အား အရက်လေးတိုက်ပြီး ထမင်းကျွေးလိုက်လျှင် သူကဲ့သို့သော ဝန်ထောက်တစ်ယောက်အတွက် ဝမ်းမြောက်ဝမ်းသာရေးပေးလိမ့်မည်ဟုထင်ဟန်ရှိ၏။ ဖွင့်၍လည်းပြော၏။ ကျွန်ုပ်က ငွေရမှရေးနိုင်မည်ဆိုသဖြင့် ငွေပေးသောအခါမှ ကျွန်ုပ်ကရေးပေးလိုက်ရာ ဝန်ထောက်သည် ကျွန်ုပ်ရေးပေးသောအသနားခံလွှာကို သူ၏ဆရာဆိုသော ကသာအရေးပိုင်ထံသို့ သွား၍ပြသေး၏။ အရေးပိုင်က 'မင်းတို့မြတောင်မှာ ဒီလိုရေးတတ်တဲ့လူရှိသလား' ဟု အံ့ဩစွာနှင့် မေးလိုက်ကြောင်းကို သူပြန်လာသောအခါတွင် ပြောပြ၏။ ကျွန်ုပ်သည် မြတောင်မှမပြန်မီ ထိုဝန်ထောက်၏ အမှုအကြောင်းကိုမသိခဲ့ရသော်လည်း ကျွန်ုပ်ရန်ကုန်သို့ပြန်ရောက်သောအခါမှ ကိုသိန်းဖေထံမှ သိရသည့်အပြင် ၎င်းဝန်ထောက်ကိုယ်တိုင်နှင့်လည်း ရန်ကုန်တွင် ကံအားလျော်စွာတွေ့ဆုံမိ၍ ကျွန်ုပ်၏ကျေးဇူးကြီးလှပါပေကြောင်းကို လမ်းပေါ်၌ပင် ဖက်လဲတကင်းလုပ်ကာ ပြောပြပါပေသည်။

ဤကိစ္စ၌ ကျွန်ုပ်သည် ငွေ ၅၀ ကျပ်ရလိုက်ခြင်းထက် မြတောင်သူတစ်ယောက်နှင့်ရသော စာရေးဆရာတစ်ယောက်အနေဖြင့် သူတို့အစိုးရအရာရှိများက ငုံ့၍ကြည့်ချင်တတ်ခြင်းကို (ဝန်ထောက်အပေါ်၌) ဖြိုဖျက်လိုက်ရခြင်းအတွက် အရသာရှိလှပါသည်။ ကသာ၌ရှိသော ကိုသိန်းဖေ၏ အစ်ကိုတစ်ယောက်ကိုအကြောင်းပြု၍ ကျွန်ုပ်၏သတင်းသည် ကသာမြို့ပေါ်သို့ ပျံ့နှံ့သွားလေရာ အစိုးရအမှုထမ်းနှစ်ယောက်၏ အလားတူကိစ္စမျိုးအတွက် အသနားခံလွှာနှစ်စောင် ရေးပေးရပါသေးသည်။ ၎င်းတို့နှစ်ဦးအနက် တစ်ယောက်မှာ အလုပ်ပြန်ရသည်ဟု ကိုသိန်းဖေထံမှ ကြားသိရပါသည်။

### ဒေသန္တရ ဗဟုသုတ

မြတောင်သို့ရောက်သည့် ဤတစ်ခေါက်တွင် ကျွန်ုပ်သည် ယခင်က ကိုဝင့်မော်နှင့် နေဖူးသကဲ့သို့ နယ်လှည့်ရာသို့အတူလိုက်ကာ ဒေသန္တရဗဟုသုတများဆည်းပူးခဲ့၏။ ရှေးယခင်ကမူ ကျွန်ုပ်သည် ဝတ္ထုတိုရှည်များရေးရာ၌ ဝက်လက်နယ်တစ်ဝိုက်ကို နောက်ခံကားအဖြစ်နှင့်ထား၍ ရေးခဲ့ဖူးရာ နောက်ပိုင်း၌မူ 'စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်' ထူထပ်လှသည့် ရွှေလီနယ်တစ်ဝိုက်ကို နောက်ခံပြု၍ ရေးလေ့ရှိပါသည်။ တောတောင်၏သာယာခြင်း၊ ထူထပ်နက်နဲခြင်းအရာတွင် ဝက်လက်နယ်သည် ရွှေလီနယ်တစ်ဝိုက်ကိုမမီနိုင်သည်လည်း မဟုတ်ပေ။ တစ်ခါတစ်ရံတွင် ကျွန်ုပ်သည် မဲဇာချောင်းရိုးတစ်လျှောက်ကို နောက်ခံပြု၍ ရေးလိုသောဆန္ဒရှိပါ၏။ သို့ရာတွင် ကျွန်ုပ်သည် မဲဇာချောင်းကို ရထားပေါ်မှ ကြိမ်ဖန်များစွာမြင်ရဖူးသော်လည်း ကိုဝင့်မော်နှင့် ကိုသိန်းဖေတို့၏သစ်တောနယ်နိမိတ်မှာ မဲဇာမပါသဖြင့် ကျွန်ုပ်ကိုယ်တိုင် မရောက်ခဲ့ဖူးဘဲရှိရာတွင် နောက်ခံပြု၍ ရေးလောက်အောင် တိတိကျကျမသိခဲ့ရသောကြောင့် (Local Colour) မဲဇာနယ်ကို အသုံးမပြုရဖူးဘဲ ချန်လှပ်ထားခဲ့ရပါသည်။

### စုံချင်သော ဝါသနာ

ကျွန်ုပ်သည် ကိုသိန်းဖေနှင့်အတူ ရွှေလီရိုးတစ်လျှောက်သို့ နယ်လှည့်လိုက်သွား၍ အင်းကြီးရွာသို့ရောက်ကြသောအခါ ကျွန်ုပ်၏ခယ်မ (မစိုး၏ညီမ) မမိုးသည် ၎င်းရွာတွင် ဝါးကုန်သည်လုပ်လျက်ရှိသည်နှင့် ကိုသိန်းဖေနှင့်အတူမလိုက်တော့ဘဲ မမိုး၏အိမ်၌နေရစ်ခဲ့သည်။ (မမိုးမှာ မြတောင်ရွာရှိ မစိုးတို့၏အိမ်ပေါ်သို့ခဲကျစဉ်က ကျွန်ုပ်၏မျက်စိ၌ 'ဟီးရိုးဝင်း' တစ်ယောက်သဖွယ် ကာကွယ်သည့်အတွက် ကျွန်ုပ်အထင်ကြီးခဲ့သည့် ခယ်မတစ်ယောက်ဖြစ်သောကြောင့် သူ့အိမ်၌ ကျွန်ုပ်တည်းခိုလိုသည်နှင့် ချန်နေရစ်ခဲ့ခြင်းဖြစ်လေသည်။) သုံးလေးရက်မျှ တည်းခိုပြီးနောက် မြတောင်သို့ပြန်ချင်ပြီဖြစ်ရာ ကျွန်ုပ်မှာ သွားချင်သည်ဆိုလျှင် ချက်ချင်းသွားရမှ ကျေနပ်တတ်သော ဝါသနာရှိသည့်အတိုင်း လှေကြုံကို မစောင့်ချင်တော့ဘဲ မလုပ်ဖူးသောအလုပ်တစ်ခုကို လုပ်ဖို့စိတ်ကူးဖြစ်ပေါ်လာ၏။ ၎င်းမှာ ရွှေလီမြစ်ကို ဝါးဖောင်ကလေးနှင့်စုန်ရန်ဖြစ်လေသည်။ (ဝါးစွပ်ဟု သူတို့ခေါ်ကြသည်။) ကိုဝင့်မော်ရှိစဉ်က ဧရာဝတီမြစ်ကို ဝါးဖောင်ကြီးနှင့်စုန်ကြဖူးပါ၏။ သို့ရာတွင် ဖောင်ကလေးနှင့် ကိုယ့်ဟာကိုယ်စုန်ရသောအလုပ်ကဲ့သို့ စွန့်စားသောသဘော (Adventure) မပါရှိသဖြင့် စမ်းကြည့်ချင်သေးသည်။ သို့ဖြစ်၍ မမိုးတို့ဇနီးမောင်နှံသည် ဝါးတစ်ရာကို ဖောင်ကလေးဖွဲ့၍ အပေါ်၌ တဲကလေးဆောက်ကာ ကျွန်ုပ်အတွက် စီစဉ်ပေးကြလေသည်။ ဖောင်ကလေးပေါ်တွင် စားရေရိက္ခာ နှစ်နပ်စာအတွက်လည်း ချက်ပြုတ်၍ ထည့်ပေးလိုက်ကြသည်။ ဖောင်စုန်ခါနီး၌ ရွာသူရွာသားများက ကျွန်ုပ်တစ်ယောက်တည်း စုန်၍ မလျော်ကြောင်း၊ ခေါင်းခဲလည်နာဖြစ်ဦးတော့ တစ်ယောက်တည်းဆိုလျှင် ဒုက္ခရောက်တတ်ကြောင်း ဝိုင်းဝန်းပြောဆိုကြသည်နှင့် ဖိုးယုန်အမည်ရှိ လူပျိုပေါက်ကလေးတစ်ယောက် ထည့်ပေးလိုက်ခြင်းကို လက်ခံခဲ့လေသည်။

**"မြတောင်သို့ရောက်သည့် ဤတစ်ခေါက်တွင် ကျွန်ုပ်သည် ယခင်က ကိုဝင့်မော်နှင့် နေဖူးသကဲ့သို့ နယ်လှည့်ရာသို့အတူလိုက်ကာ ဒေသန္တရဗဟုသုတများဆည်းပူးခဲ့၏။ ရှေးယခင်ကမူ ကျွန်ုပ်သည် ဝတ္ထုတိုရှည်များရေးရာ၌ ဝက်လက်နယ်တစ်ဝိုက်ကို နောက်ခံကားအဖြစ်နှင့်ထား၍ ရေးခဲ့ဖူးရာ နောက်ပိုင်း၌မူ 'စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်' ထူထပ်လှသည့် ရွှေလီနယ်တစ်ဝိုက်ကို နောက်ခံပြု၍ ရေးလေ့ရှိပါသည် . . ."**

**ဆက်လက်ဖော်ပြပါမည်။**

---

## ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် Myanmar Car Expo 2025 ပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၃

ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်နည်းပညာအသစ်များကို တစ်နေရာတည်း၌ စုစည်းမိတ်ဆက်မည့် Myanmar Car Expo 2025 ပြပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ မေလ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယာဉ်/လမ်းအန္တရာယ် ကင်းရှင်းရေး ဘက်စုံအထောက်အကူပြုအဖွဲ့ (MORS) နှင့် Myanmar Automobile Manufacturers and Distributors Association (MAMDA) တို့ပူးပေါင်းကျင်းပမည့် ထိုပြပွဲတွင် ယာဉ်/လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတစ်စိတ်တစ်ပိုင်းကို ဖော်ဆောင်ခြင်းဖြစ်ပြီး ယာဉ်မောင်းသူများအတွက် အသိပညာမြှင့်တင်ရေး အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကြောင်း ပြပွဲတာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုပြပွဲတွင် ကားအမျိုးအစားစုံလင်စွာ ပြသရောင်းချမည်ဖြစ်ပြီး ပြပွဲသို့လာရောက်သူများအနေဖြင့် အဆင့်မြင့်နည်းပညာအသစ်များကို လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပြိုင်ပွဲတစ်ခုကိုလည်း မေလ ၁၆ ရက်တွင် Online မှ မေးခွန်းများမေးမြန်းမည်ဖြစ်ပြီး အဖြေမှန်သူများကို ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်လိုသူများအနေဖြင့် bit.ly/MORS2025 Link တွင်လည်းကောင်း၊ QR Code ကို Scan ဖတ်၍လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ဖြေဆိုသူများအနေဖြင့် Myanmar Car Expo 2025 ဖွင့်ပွဲအခမ်းအနားသို့ ကိုယ်တိုင်လာရောက်ရန်လိုအပ်ပြီး မလာရောက်နိုင်သူများကို ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ကျင်းပမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မေသူ**

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



ရန်ကုန် မေ ၁၃

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင်မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံသား ဂေါက်သီးရိုက်ကစားသမား Mr.Kampon Chanduaykij သည် ကစားဖော်များဖြစ်သော Mr.Prarop Slrisalt၊ Dr.အောင်အောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ Honma No.4 ဘောလုံးကို VOLTIO I.8 တုတ်ဖြင့် ၁၄၇ ကိုက် အကွာအဝေးမှ ရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One)သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များကိုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၉၀)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားလျက်ရှိကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ပြည်တွင်းပြည်ပ အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ ၁၃ ရက်အထိ သေဆုံးသူ ၃၇၂၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၅ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၁၂ ရက် ညနေ ၄ နာရီမှ မေလ ၁၃ ရက် ညနေ ၄ နာရီအတွင်း အိန္ဒိယနိုင်ငံကလှူဒါန်းသည့် ဆေးဝါး၊ မိုးကာတဲနှင့် sleeping bag (အလေးချိန် သုည ဒသမ ၁၄၁ တန်) ရောက်ရှိခဲ့သည်။ ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## (၁၃-၅-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၇၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# MFF Futsal Amateur Cup 2025 ပြိုင်ပွဲကို အသင်းပေါင်း ၅၀ ဖြင့် ကျင်းပမည်

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီအနေဖြင့် MFF Futsal Amateur Cup 2025 ပြိုင်ပွဲကို အသင်းပေါင်း ၅၀ ဖြင့် ရန်ကုန်မြို့ရှိ MFF Futsal အားကစားကွင်း၌ ဇွန်လ ၄ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

MFF Futsal Amateur Cup 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် အသင်းဝင်ကြေးငွေကျပ်သုံးသိန်း၊ ကြိုတင်ငွေ ငွေကျပ်နှစ်သိန်း ပေးသွင်းရမည်ဖြစ်ပြီး အသင်းတစ်သင်းတွင် ဂိုးသမားနှစ်ဦး၊ ကစားသမား ၁၄ ဦးမှ ၁၆ ဦးအထိလည်းကောင်း၊ အုပ်ချုပ်သူ/နည်းပြသုံးဦးမှခြောက်ဦးအထိလည်းကောင်း စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် လက်ရွေးစင်ဖူဆယ်ကစားသမားများ၊ Futsal League 1,2၊ MNL 1,2 နှင့် MNL Youth League ပြိုင်ပွဲများတွင် ဝင်ရောက်ကစားဖူးသူများနှင့် အဆိုပါပြိုင်ပွဲများတွင် အုပ်ချုပ်သူ/နည်းပြအဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ MFF Futsal Amateur Cup 2025 ပြိုင်ပွဲတွင် တရားမဝင်ကစားသမားထည့်သွင်းအသုံးပြုသည်ကို စစ်ဆေးတွေ့ရှိပါက အဆိုပါအသင်းအား ပြိုင်ပွဲမှထုတ်ပယ်မည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် မေလ ၂၀ ရက်မှ ၂၃ ရက်အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဌာနတွင် အသင်းဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ၍ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငရုတ်သီးစိမ်းပိသာ ၈၀၀၀၀ ခန့်တင်ပို့ရောင်းချနိုင်ခဲ့

ပန်းတနော် မေ ၁၃


ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငရုတ်သီးစိမ်းပိသာ ၈၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်၌ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ငွေငွေ၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိသာ ၇၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငရုတ်သီးစိမ်းပိသာ ၈၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ဧပြီလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးစိမ်းပိသာ ၈၀၀၀၀ ခန့်တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးထဲက တခြားနယ်မြို့တွေအပြင် ရန်ကုန်ဘက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းတော့ အမှာလည်းတက်နေပါတယ်။ ဒီဒေသထွက်ငရုတ်သီးက ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့်ဖြစ်ပါတယ်"ဟု ဒေါ်ငွေငွေကပြောသည်။

ပန်းတနော်မြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကိုလုပ်ကိုင်ကြပြီး ထွက်ရှိလာသောငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ ငရုတ်သီးများတင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**





မလေးရှားနိုင်ငံမှလှူဒါန်းသည့်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လှူဒါန်းသည့်ပစ္စည်းများအား ငလျင်ဘေးသင့်ပြည်သူများအတွက် ဖြန့်ဝေပေးအပ်စဉ်။

❒ ကျောဖုံးမှအဆက်

ယခုအခါ မေလ ၅ ရက်မှ ၁၂ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ဗီယက်နမ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော တာပေါ်လင်/ မိုးကာစ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ရေသန့်စက်၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို ဘေးသင့်လူဦးရေအချိုးအစား အပေါ်မူတည်၍ ဖြန့်ခွဲပေးပို့ပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဒီဇယ်ဆီ တန် ၃၀၀၀၀၊ ဓာတ်ဆီ တန် ၂၀၀၀၀ အနက် ဒီဇယ်ဆီ တန် ၁၈၀၀၀ သည် ၂-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ ဓာတ်ဆီ တန် ၁၇၀၀၀ သည် ၇-၅-၂၀၂၅ ရက်တွင်လည်းကောင်း ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနက စနစ်တကျ သိမ်းဆည်းသိုလှောင်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

ယာယီရုံးအဖြစ်အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Prefabricated Office ၅၀၀ လုံးအနက် ၃၄၀ လုံးသည် ၂-၅-၂၀၂၅ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ရာ ၂၁၆ လုံးကို နေပြည်တော်သို့ ၆-၅-၂၀၂၅ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ ၈၀ လုံးနှင့် နေပြည်တော်သို့ ၄၄ လုံးတို့ကို ၁၂-၅-၂၀၂၅ ရက်တွင်လည်းကောင်း မြန်မာ့မီးရထားဖြင့် သယ်ဆောင်ခဲ့ပြီးဖြစ်၍ ယာယီရုံးခန်းများအဖြစ်အသုံးပြုနိုင်ရန် ဖြန့်ခွဲဆောင်ရွက်လျက်ရှိသည်။

ယာယီနေအိမ်အဖြစ် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် Prefabricated House ၄၅၀၀ လုံးအနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ၂၁၆ လုံး၊ နေပြည်တော်သို့ ၁၈၄ လုံးတို့ကို ၁၁-၅-၂၀၂၅ ရက်တွင် မြန်မာ့မီးရထားဖြင့် ပို့ဆောင်ခဲ့ရာ ၁၂-၅-၂၀၂၅ ရက်တွင် ရောက်ရှိခဲ့သဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပြီး ထပ်မံပို့ဆောင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရက်သတ္တတစ်ပတ်အတွင်း လက်ခံရရှိသောလှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့မော်တော်ယာဉ်၅၇စီး၊စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ်ကိုးစီးဖြစ်သည်။

နိုင်ငံတကာအလှူရှင်များမှ ၅-၅-၂၀၂၅ ရက်မှ ၁၂-၅-၂၀၂၅ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်သည်။ ထပ်မံလှူဒါန်းလာသည့်ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်သည်။

မြဝတီ

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၄၅၇၁** | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | **၄၆၀၈** | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | **၇၇၅** | ၁၀ | ၄၁၅ | - | - | - | **၃၅၀** | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၇၆၁** | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | **၈၇၁** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၆၄၅ | **၁၅၇၇** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၅၆** | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | **၁၈** | - | - | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၇၈** | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | **၁၆၇၁၃** | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | - | - | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၆၅** | ၁၉ | ၃၁ | ၇ | ၇ | - | **၁** | |
| | | ဖာ | **၃၅၅၉** | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | - | - | |
| | | ထုပ် | **၁၄၇၅** | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၆** | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၉** | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | **၂၀၀၀** | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | **၇** | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | **၃၁၀** | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | **၆၅၆** | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၆၆၅** | ၂၆ | - | - | - | ၁၆၃၉ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

## ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၅-၅-၂၀၂၅ ရက်နေ့မှ ၁၂-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | **၂၉၉၁** | ၁၃၇၆ | ၁၃၄၆ | ၁၂၀ | ၁၄၉ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | ထုပ် | **၇** | ၃ | ၂ | ၁ | ၁ | - | - | |

စာမျက်နှာ ၇ သို့ ❒

# သွေးချိုဆီးချိုရောဂါနှင့် အမျှင်ဓာတ်ကြွယ်ဝသောအစားအစာများ



မကြာသေးမီနှစ်များအတွင်း အဝလွန်သူဦးရေ တိုးလာသည်နှင့်အမျှ အကြိုသွေးချိုရောဂါနှင့် သွေးချိုဆီးချိုရောဂါဖြစ်ပွားမှု တိုးမြင့်လာကြောင်း တွေ့ရှိရသည်။ အထိုင်များသော လူနေမှုပုံစံနှင့် ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုအလေ့အကျင့်များသည်လည်း အလားတူကြီးထွားလာနေပါသည်။ အမျှင်ဓာတ်သည် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး သွေးချိုဆီးချိုရောဂါကို ကာကွယ်ခြင်းနှင့်ကုသခြင်း အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည်။ လေ့လာမှုများအရ သွေးချိုဆီးချိုရောဂါရှိသူအများစုသည် အာဟာရကုထုံး သို့မဟုတ် သွေးချိုဆီးချိုရောဂါအသိပညာပေးခြင်းကို လိုက်နာမှုအားနည်းကြကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများကို စားသောက်ရန် အကြံပြုချက်များရှိသော်လည်း တစ်ဦးချင်းအနေဖြင့် လုံလောက်သောအမျှင်ဓာတ် သို့မဟုတ် မှန်ကန်သောအမျိုးအစားကို စားသုံးနိုင်ခြင်းမရှိကြောင်း သိရသည်။

အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းဂလူးကို့စ်မြင့်တက်မှုများကို လျှော့ချထိန်းချုပ်ခြင်းသည် ပန်ကရိယမှအင်ဆူလင်ထုတ်လုပ်သော ဘီတာဆဲလ်၏လုပ်ဆောင်မှုများ ကျဆင်းမှုကို နှေးကွေးစေပြီး အလုံးစုံရလဒ်များတိုးတက်ကောင်းမွန်လာစေရန် အထူးအရေးကြီးသဖြင့် ရောဂါ၏ကနဦးအဆင့်များတွင် မဖြစ်မနေ ဂရုစိုက်ကုသရန်လိုအပ်သောအချက်တစ်ခုဖြစ်သည်။ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါကုသမှုတွင် အစားအသောက်ကုထုံးသည် အဓိကအရေးကြီးသော ကုသမှုဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုရွေးချယ်ပြီး စိတ်ကြိုက်အစားအသောက်အစီအစဉ်များရေးဆွဲပြင်ဆင်ရန် လိုအပ်ပါသည်။ ဤနည်းလမ်းများတွင် နေ့စဉ် အစားအစာတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် သို့မဟုတ် အစားအစာအားလုံးကို ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာတစ်မျိုးတည်းဖြင့် သို့မဟုတ် အမျှင်ဓာတ်များသောဖြည့်စွက်စာများနှင့် ပေါင်းစပ်အစားထိုးစားသောက်ခြင်းတို့ပါဝင်သည်။

အမျှင်ဓာတ်သည် အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့်ပဲစေ့များတွင် အဓိကတွေ့ရှိရသော ကစီဓာတ်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်မှ မချေဖျက်နိုင်သော သို့မဟုတ် မစုပ်ယူနိုင်သော အပင်များ၏ အစိတ်အပိုင်းများပါဝင်သည်။ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများသည် ဇီဝဖြစ်စဉ်ကျန်းမာရေးနှင့် သွေးချိုဆီးချိုရောဂါရှိသူများအတွက် ကျန်းမာရေးအကျိုးကျေးဇူးများစွာပေးသည်။ အမျှင်ဓာတ်ပါဝင်ပြီး အရသာရှိသော အစားအစာများကို ရွေးချယ်ရန်မခက်ခဲပါ။ လိုအပ်သောအမျှင်ဓာတ်၊ အမျှင်ဓာတ်ပါရှိသည့်အစားအစာများနှင့် ၎င်းတို့ကို အစားအစာများနှင့်သရေစာများတွင် မည်သို့ထည့်ရမည်ကို သိရှိရန်လိုအပ်ပါသည်။

## နေ့စဉ်လိုအပ်သော အမျှင်ဓာတ်ပမာဏ

အမေရိကန်သွေးချိုဆီးချိုအသင်းက အရွယ်ရောက်ပြီးသူ အမျိုးသမီးများအတွက် တစ်ရက်လျှင် အမျှင်ဓာတ် ၂၅ ဂရမ်၊ အမျိုးသားများအတွက် တစ်ရက်လျှင် ၃၈ ဂရမ်စားသုံးရန်နှင့် သွေးချိုဆီးချိုရောဂါရှိသူများသည် ကယ်လိုရီ ၁၀၀၀ လျှင် အနည်းဆုံး အမျှင်ဓာတ် ၁၄ ဂရမ်စားသုံးသင့်ကြောင်း အကြံပြုထားသည်။ သွေးချိုဆီးချိုရောဂါနှင့် ဆက်စပ်ရောဂါဝေဒနာရှင်များအတွက် အမျှင်ဓာတ်မြင့်မားသောအစားအစာများကိုစားသုံးရာတွင် အမျှင်ဓာတ်ပါဝင်မှုကို တဖြည်းဖြည်းတိုးမြှင့်သွားကာ တစ်ရက်လျှင် ၄၀ ဂရမ်အထိ စားသုံးရန်အကြံပြုထားသည်။

## အမျှင်ဓာတ်အမျိုးအစားများ

အမျှင်ဓာတ်သည် ပျော်ဝင်နိုင်သောအမျှင်ဓာတ်အမျိုးအစားနှင့် မပျော်ဝင်နိုင်သော အမျှင်ဓာတ်အမျိုးအစားဟူ၍ နှစ်မျိုးရှိသည်။

## ပျော်ဝင်နိုင်သောအမျှင်ဓာတ်

ပျော်ဝင်နိုင်သောအမျှင်ဓာတ်သည် ရေတွင်ပျော်ဝင်ပြီး အစာအိမ်အတွင်း ဂျယ်လ်ကဲ့သို့ အရာဝတ္ထုတစ်ခုအဖြစ်ဖွဲ့စည်းကာ အစာခြေခြင်းကို နှေးကွေးစေသည်။ သွေးတွင်းသကြားဓာတ်နှင့် ကိုလက်စထရောကိုထိန်းချုပ်ရန် ကူညီပေးသည်။ ပျော်ဝင်နိုင်သောအမျှင်ဓာတ်ကို ပန်းသီး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ လိမ္မော်သီး၊ မုန်လာဥနီ၊ မုယောစပါး၊ ဆန်လုံးညို၊ ပဲစေ့၊ ပဲမည်း၊ ပဲလှော်၊ ဘရုပ်ဆဲလ်ပင်ပေါက်တို့တွင် တွေ့နိုင်သည်။

## မပျော်ဝင်နိုင်သောအမျှင်ဓာတ်

မပျော်ဝင်နိုင်သောအမျှင်ဓာတ်သည် ရေတွင်မပျော်ဝင်နိုင်သောကြောင့် အစာအိမ်ထဲသို့ ဖြတ်သန်းသွားသည့်အခါ အမျှင်ဓာတ်ကိုစုပ်ယူပြီး ဖြိုခွဲခြင်းမပြုဘဲ အစာများ၏ရွေ့လျားမှုကိုပံ့ပိုးပေးပြီး ဝမ်းထဲသို့ အစုလိုက်ထည့်သည်။ အင်ဆူလင်၏အာရုံခံနိုင်စွမ်းကိုတိုးမြင့်စေပြီး ဝမ်းကိုပုံမှန်ဖြစ်စေရန် ကူညီပေးသည်။ မပျော်ဝင်နိုင်သောအမျှင်ဓာတ်ကို ဂျုံမှုန့်၊ ဖွဲနု၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ ပဲမျိုးစုံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ၏ အခွံများတွင် တွေ့နိုင်သည်။

**"အမျှင်ဓာတ်သည် အစာခြေလမ်းကြောင်းကို သန့်စင်ပေးသည့် ပွတ်တိုက်မှုတစ်ခုကဲ့သို့ လုပ်ဆောင်သည်။ အူလမ်းကြောင်းကျန်းမာရေးကိုကောင်းမွန်စေရန် မလိုလားအပ်သောအညစ်အကြေးများကိုဖယ်ရှားပေးပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ အမျှင်ဓာတ်သည် အစာကြေမလွယ်သောကြောင့် အစာအိမ်မှတစ်ဆင့် ဖြည်းညင်းစွာ ရွေ့လျားသွားပြီး အချိန်ကြာကြာ ဗိုက်ပြည့်စေသဖြင့် ကိုယ်အလေးချိန်လျှော့ချရန်နှင့် ထိန်းသိမ်းရန်ကူညီပေးနိုင်သည် . . ."**

## အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများ၏ အကျိုးကျေးဇူးများ

အလွယ်တကူအစာခြေနိုင်ခြင်းမရှိသော ကာဗိုဟိုက်ဒရိတ်တွင်ပါဝင်သည့် အမျှင်ဓာတ်သည် ဂလူးကို့စ်စုပ်ယူမှုနှင့် အင်ဆူလင်ထုတ်လွှတ်မှုကို လျှော့ချပေးသည်။ အမေရိကန်သွေးချိုဆီးချိုအသင်း၏ အဆိုအရ ပျော်ဝင်နိုင်သောအမျှင်ဓာတ်အမျိုးအစားများကိုစားသုံးမှုသည် သွေးတွင်းအင်ဆူလင်ပမာဏကို လျှော့ကျစေပြီး ဂလူးကို့စ်ထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေကာ သွေးတွင်းကိုလက်စထရောကိုလည်း လျှော့ချပေးသည်။ လေ့လာမှုအများအပြားတွင် အမျှင်ဓာတ်စားသုံးမှုသည် အင်ဆူလင်ခုခံမှုအမှတ်အသားများကိုလျှော့ကျစေပြီး သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေမှကာကွယ်ရန် သိသာထင်ရှားစွာ အထောက်အကူပြုကြောင်းပြသခဲ့သည်။ အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါရှိသော အဝလွန်သူများတွင် အမျှင်ဓာတ်များသော အစားအစာသည် အစာစားပြီးချိန်တွင်ရှိသော သွေးတွင်းဂလူးကို့စ်နှင့် အင်ဆူလင်အပေါ် အကျိုးသက်ရောက်မှုရှိပြီး တစ်နေ့တာလုံး ဂလူးကို့စ်ထိန်းချုပ်မှုကို ကောင်းမွန်စေသည်။

လူဦးရေအခြေပြုလေ့လာမှုအရ တစ်နေ့တာ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာစားသုံးမှုတိုးမြှင့်ခြင်းသည် သွေးတိုးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပြီး သွေးတိုးရောဂါရှိသောလူနာများတွင် သွေးပေါင်ချိန်ထိန်းညှိခြင်းအတွက် အကျိုးကျေးဇူးများရှိသည်။ နှလုံးသွေးကြောကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်။ အမျှင်ဓာတ်သည် ခန္ဓာကိုယ်မှ အဆီနှင့် ကိုလက်စထရောတချို့ကိုစုပ်ယူခြင်းမှ တားဆီးပေးသောကြောင့် များများစားသုံးခြင်းသည် သွေးတွင်းကိုလက်စထရောပမာဏလျှော့ကျပြီး ရောင်ရမ်းမှုကို လျှော့ချပေးသဖြင့် နှလုံးသွေးကြောများပေါ်တွင် ကောင်းကျိုးသက်ရောက်မှုရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အမျှင်ဓာတ်များသော အစားအစာများကို စားသုံးမှုနည်းသောလူများတွင် သွေးတွင်းကိုလက်စထရောမြင့်မားခြင်းနှင့် ဆက်စပ်နေကြောင်း လေ့လာမှုများတွင်တွေ့ရသည်။ အမျှင်ဓာတ်သည် အစာခြေလမ်းကြောင်းကို သန့်စင်ပေးသည့်ပွတ်တိုက်မှုတစ်ခုကဲ့သို့ လုပ်ဆောင်သည်။ အူလမ်းကြောင်းကျန်းမာရေးကိုကောင်းမွန်စေရန် မလိုလားအပ်သောအညစ်အကြေးများကိုဖယ်ရှားပေးပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ အမျှင်ဓာတ်သည် အစာကြေမလွယ်သောကြောင့် အစာအိမ်မှတစ်ဆင့် ဖြည်းညင်းစွာရွေ့လျားသွားပြီး အချိန်ကြာကြာ ဗိုက်ပြည့်စေသဖြင့် ကိုယ်အလေးချိန်လျှော့ချရန်နှင့် ထိန်းသိမ်းရန်ကူညီပေးနိုင်သည်။

သွေးချိုဆီးချိုရောဂါရှိသူများတွင် အစာစားပြီးချိန် သွေးတွင်းဂလူးကို့စ်မြင့်တက်မှုကိုလျှော့ချရန် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများကို မည်သည့်ဆေးဝါးများနှင့်မဆို အတူအသုံးပြုနိုင်ပါသည်။ အင်ဆူလင်ကုသမှုခံယူနေရသော လူနာများတွင်လည်း အစာစားပြီးချိန် သွေးတွင်းဂလူးကို့စ်မြင့်တက်မှုကို လျှော့ချရာတွင်ကူညီနိုင်သည်။ ထို့ပြင် နေ့စဉ် အစားအစာများတွင် အမျှင်ဓာတ်များအသင့်အတင့်တိုးမြှင့်စားသုံးခြင်းဖြင့် အစာရှောင်ပြီးချိန် သွေးတွင်းဂလူးကို့စ်နှင့် အင်ဆူလင်ပမာဏ သိသိသာသာကျဆင်းသွားကြောင်းနှင့် သွေးချိုဆီးချိုရောဂါမရှိသောသူများပင်လျှင် အင်ဆူလင်အာရုံခံနိုင်စွမ်းတိုးလာကြောင်း တွေ့ရသည်။

## အကြံပြုချက်

အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများထည့်စားသောအခါ ဖြည်းဖြည်းစားရန်သတိပြုပါ။ အမျှင်ဓာတ် ရုတ်တရက်တိုးလာခြင်းကြောင့် လေပွခြင်း၊ ဝမ်းဗိုက်တင်းခြင်း၊ ဝမ်းလျှောခြင်းနှင့်ဝမ်းဗိုက်ကြွက်တက်ခြင်းကဲ့သို့သော အစာခြေလမ်းကြောင်းဆိုင်ရာ အဆင်မပြေဖြစ်စေနိုင်သည်။ နေ့စဉ် အစားအစာများတွင် အမျှင်ဓာတ်ကို ရက်သတ္တပတ်အနည်းငယ်အတွင်း ဖြည်းဖြည်းချင်းထည့်စားခြင်းဖြင့် အစာခြေစနစ်ရှိ သဘာဝဗက်တီးရီးယားများပြောင်းလဲမှုကို ထိန်းညှိပေးသည်။ ထို့ပြင် ရေများများသောက်ပါက အမျှင်ဓာတ်က ရေကိုစုပ်ယူသောအခါ အစားအစာ ရွေ့လျားရန် အကောင်းဆုံးအလုပ်လုပ်ပြီး ဝမ်းကို ပျော့ပျောင်းစေပါသည်။ အူ သို့မဟုတ် အစာအိမ်နှင့်ပတ်သက်သော ခွဲစိတ်မှုခံယူခြင်းနှင့် အစာခြေလမ်းကြောင်း၏အစိတ်အပိုင်းများ ရောင်ရမ်းသောအခြေအနေများတွင် အမျှင်ဓာတ်လျှော့စားရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အမျှင်ဓာတ်ကြွယ်ဝသော နံနက်စာစားပါ။ ဆန်လုံးညို သို့မဟုတ် ဂျုံလုံးခေါက်ဆွဲကဲ့သို့သော ကာဗိုဟိုက်ဒရိတ်ကိုရွေးချယ်ပါ။ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များနှင့် ပဲအမျိုးမျိုးကို များများစားပါ။ ရေများများသောက်ပါ။ ကစီဓာတ်မပါသော ဟင်းသီးဟင်းရွက်များကိုအာရုံစိုက်ပါ။ အသုပ်များ၊ ဟင်းချိုများ၊ စွပ်ပြုတ်များ သို့မဟုတ် ပဲအမျိုးမျိုးဖြင့် ညစာကိုစတင်ပါ။ အဆာပြေအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အမျှင်ဓာတ်များသော သစ်သီးဝလံများ၊ သကြားမပါသော အခွံမာသီးလက်တစ်ဆုပ် သို့မဟုတ် သစ်သီးခြောက်များနှင့် အစေ့အဆန်များကို သရေစာအဖြစ် ရွေးချယ်ပါ။ သွေးချိုဆီးချိုရောဂါရှိသူများတွင် အမျှင်ဓာတ်များသောအစားအစာများကို လိုအပ်ချက်နှင့်လျော်ညီစွာ ဂရုစိုက်စားသုံးခြင်းဖြင့် ကျန်းမာရေးတိုးတက်ကောင်းမွန်စေကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# စခန်းသွင်းသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တွေ့ဆုံ



**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် စခန်းသွင်းလေ့ကျင့်သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ဥတ္တရခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသီနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မေလ ၁၂ ရက် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းအိပ်၊ ကျောင်းစားထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအားတွေ့ဆုံကာ ဆရာ၊ ဆရာမများ၏ သင်ကြားမှုကို စနစ်တကျလေ့လာကျက်မှတ်ရေး၊ အမှတ်ကောင်းရရှိအောင် စိတ်ဓာတ်တက်ကြွစွာ ကြိုးစားဆောင်ရွက်ရေး၊ ကျန်းမာရေးဂရုစိုက်နေထိုင်ရေးအားပေး စကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(၄၁၃)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ပခုက္ကူ မေ ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက မေလ ၁၂ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထောက်ရှာပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ သတ်မှတ်ရက်အတွင်း အရင်းအတိုးငွေများကိုပေးသွင်းစေလိုကြောင်းနှင့်မိသားစုတစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများကို ပိုမိုကြိုးစားလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ပခုက္ကူမြို့နယ်ရှားပင်ကျေးရွာအုပ်စု ထောက်ရှာပင်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်တွင် ထောက်ရှာပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၅၃ ဦးကို ချေးငွေကျပ် ၁၉ ဒသမ ၃၀ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၆၁ ဦးကို ချေးငွေကျပ် ၂၂ ဒသမ ၉၀ သန်း၊ ရေလုပ်ငန်းဆောင်ရွက်သူ ၁၁ ဦးကို ချေးငွေကျပ် ၃ ဒသမ ၈၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ၁၁ ဦးကို ချေးငွေကျပ် ၄ ဒသမ ၅၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ကြံခင်းမြို့နယ် ကြံတောအုပ်စု၌ နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်

**ကြံခင်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြံတောအုပ်စု တောင်သူဦးတင်ဝင်း လယ်မြေ၌ မေလ ၁၃ ရက် နံနက်ပိုင်းတွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစတိုင်းသာတို့က တောင်သူများအား စပါးစိုက်ပျိုးရာတွင် ကြဲစနစ်ကိုအသုံးမပြုဘဲ တိုက်ရိုက်မျိုးစေ့ချ (Seeder) စနစ်ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်သမများဖြင့် စနစ်တကျစိုက်ပျိုးမှသာ စပါးအထွက်နှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ Seeder စနစ်ဖြင့်သာ စိုက်ပျိုးသွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းအမှတ် (၁၆၉) ကြံတောတောင်ကွင်း ဦးပိုင်အမှတ် (၁၄/ ခ) တောင်သူ ဦးတင်ဝင်း၏ နွေစပါးစံပြလယ် ၂ ဒသမ ၄၀ ဧကတွင် နွေစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် အထွက်နှုန်း အစို ၁၁၉ တင်း၊ အခြောက် ၁၀၇ ဒသမ ၀၃ တင်းနှုန်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# ပြောထုံးကျန် မှတ်တမ်းကောင်း

❖ ဘဝတာ မျှော်မှန်းချက်
လှမ်းတက်လို့ ကြိုးပမ်းစဉ်။
ကံ ဉာဏ်ကူ ဖွဲ့ လုံ့လဖက်
ရှေ့ဆက်မှလျှင်။
"ဖြဟ္မစိုရ်တရား" မြဲပန်ဆင်
စိတ်ကောင်းယှဉ် နှလုံးသွင်း။
အတားအဆီးတွေ
ခါးသီးစေ ဘယ်လိုနှောင့်နှောင့်
လမ်းဖြောင့်လို့ရှင်း။

❖ အရာရာ စိတ်ဆန္ဒတွက်
မေတ္တာလှနဲ့ ဖြတ်သန်းစေ။
စေတနာတွေ ဖြည့်လောင်းထပ်တော့
ရောင်ဟပ်မည်လေ။
" ရင့်ကျက်ခြင်း"နဲ့ ဘဝအခြေ
ချောမွေ့ပြေ မယိုင်မယွင်း။
ရိုးသားစွာ
ကြိုးစားကာ သစ္စာစောင့်က
အမှောင့်ကွေကွင်း။

❖ ဘဝဟူ မျှော်လင့်ချက်နဲ့
ရွက်လွှင့်ရင်း ခွင့်ကောင်းရှာ။
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးယှဉ်ကာ။
အားနည်းမှုတို့ ကြံ့တတ်စွာ
အားသာရာလည်း ဆုံတတ်ပြား။
အခွင့်ပေးရင်
မဖင့်မနှေးပင် အရယူလို့
ဘဝဇမ္ဗူ ခရီးလမ်းဝယ်
ကိုယ်စွမ်းရာ ကိုယ်ကျင့်သုံးလို့
ပြောထုံးကျန် မှတ်တမ်းကောင်းဖွင့်
မြင့်မြတ်စေသား။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၀ | နိုင်ငံတော်သီချင်း | ၇။ ၁၄:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၈။ ၁၅:၀၀ | ဆောင်းပါးပေါ်မှ စာစုများ |
| ၃။ ၀၉:၀၀ | ကျန်းမာသုတ | ၉။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၀။ ၁၇:၀၀ | မြန်မာသံစဉ်ချိုနှာဝင် |
| ၅။ ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | |
| ၆။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | |

# ပခုက္ကူမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၁၀) ဖွင့်ပွဲကျင်းပ



ပခုက္ကူ မေ ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မေလ ၁၂ ရက်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ် (၁၀) ဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်မိုးမြင့်က ဖွင့်လှစ်ပြီးသည့် သင်တန်းအမျိုးအစားများ၊ အကြိမ်ရေနှင့် ဆက်လက်ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများအကြောင်းကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ၊ ယခင်သင်တန်းသူများကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်ပြီး သင်တန်းကို မေလ ၁၂ ရက်မှအောက်တိုဘာလ ၁၀ ရက်အထိ ခြောက်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



လပွတ္တာ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်၌ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မြင့်မြင့်ဝင်း၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လက ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာ ၅၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးခြောက်မျိုးစုံ ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"လပွတ္တာဘက်ကထွက်တဲ့ ပင်လယ်ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ ဧပြီလက ငါးခြောက်မျိုးစုံ ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချနေရတာပါ။ လက်ရှိအရောင်းအဝယ်ပြုလုပ်နေတဲ့ ပင်လယ်ငါးခြောက်တွေက နွေဘက်ကလုပ်ထားတဲ့ ပင်လယ်ငါးခြောက်တွေဖြစ်ပြီး ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အမျိုးအစားများမှာ ငါးကွမ်းရှပ်(ငါးညို)ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ ငါးတံခွန်ခြောက်၊ အာပဲ့ခြောက် စသည့် ငါးခြောက်အမျိုးအစားများဖြစ်ပြီး အမျိုးအစားအလိုက် ဈေးနှုန်းကွဲပြားမှုရှိကြောင်း သိရသည်။

**သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင် သိုး နွား ဆိတ် မွေးမြူရေးလုပ်ငန်း အောင်မြင်၍ ဒေသခံများ လုပ်ငန်းအဆင်ပြေနေ

ပွင့်ဖြူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်နိုင်တစ်ပိုင် သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြရာ လုပ်ငန်းအောင်မြင်မှုရှိ၍ ဒေသခံများအဆင်ပြေနေကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများ၏ပြောဆိုချက်အရ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းသည် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူနိုင်သည့်အတွက် အစာဖိုးကုန်ကျစရိတ်သက်သာပြီး မွေးမြူရာတွင် ခြံဝင်းများခတ်၍ စနစ်တကျမွေးမြူနိုင်သောကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိသည်။ ထိုသို့ မွေးမြူရာတွင် သိုး၊ ဆိတ်များသည် တစ်နှစ်လျှင် အနည်းဆုံး နှစ်ကောင်နှုန်း သားပေါက်လေ့ရှိပြီး အကျိုးပေးပါက လေးကောင်အထိ ပေါက်လေ့ရှိကြောင်း၊ နွားမွေးမြူ ရေးမှာ တစ်နှစ်လျှင် တစ်ကောင်သာ သားပေါက်ကာ အကျိုးပေးပါက နှစ်ကောင်ထက်မနည်းသားပေါက်လေ့ရှိသည်။

"ကျွန်တော်တို့ဒေသမှာ တောင်သူအများစုက စိုက်ပျိုးရေးလုပ်ငန်းနဲ့တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းက လွှတ်ကျောင်းစနစ်နဲ့ မွေးမြူနိုင်တဲ့အတွက် အစာဖိုးကုန်ကျစရိတ် သက်သာစေပါတယ်။ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်ပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကလည်း ကျွန်တော်တို့လို တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြတဲ့သူတွေကို အောင်မြင်ဖြစ်ထွန်းမှုရှိစေဖို့နဲ့ စနစ်တကျမွေးမြူလုပ်ကိုင်တတ်စေဖို့ လိုအပ်တဲ့အခြေခံ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာနည်းပညာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ လက်ရှိမှာ သိုး၊ နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းက ဈေးကောင်းရရှိပြီး အရောင်းအဝယ်ကောင်းနေလို့ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိပြီး လုပ်ငန်းအဆင်ပြေပါတယ်"ဟု ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

လက်ရှိတွင် သိုး၊ နွား၊ ဆိတ် စသည်တို့သည် ဈေးကွက်အတွင်း ဈေးကောင်းရရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည် မေ ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၆၀ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းမာရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၀ ဦးအတွက် ငွေကျပ် ၃၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးအတွက် ငွေကျပ် ၁၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း ၁၇၂ ဦးအတွက် ငွေကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရွှာတော်ဘူတာသို့ထပ်မံရောက်ရှိလာသည့် modular (prefabricated) office/house များ သယ်ယူခြင်း၊ ဖြန့်ခွဲပို့ဆောင်ခြင်းနှင့် တပ်ဆင်တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် နေပြည်တော် ရွှာတော်ဘူတာသို့ ထပ်မံရောက်ရှိလာသည့် modular (prefabricated) office/house များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ခွဲတပ်ဆင်တည်ဆောက်နေသည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှတစ်ဆင့် မီးရထားအတွဲ ၂၇ တွဲဖြင့် နေပြည်တော် ရွှာတော်ဘူတာသို့ထပ်မံရောက်ရှိလာသည့်modular (prefabricated) office/house စုစုပေါင်းအလုံး ၂၀၀ ကို မီးရထားပေါ်မှကရိန်းကားများဖြင့် မော်တော်ယာဉ်များပေါ်သို့ စနစ်တကျတင်ဆောင်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ သယ်ယူပို့ဆောင်နေမှုအခြေအနေများ၊ modular (prefabricated) office/ house များ စနစ်တကျနေရာချထားမှုအခြေအနေတို့ကို လိုက်လံစစ်ဆေးပြီးအန္တရာယ်ကင်းရှင်းစွာ သယ်ဆောင်နိုင်ရေးနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အချိန်မီရောက်ရှိအောင်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကောင်စီနယ်မြေရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးဝင်းအတွင်း modular (prefabricated) office ၂၅ လုံး



တပ်ဆင်တည်ဆောက်နေမှု၊ တပ်ဆင်ပြီးစီးမှုနှင့်လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနတွင် modular (prefabricated) office ၁၄ လုံး တပ်ဆင်နေရာချထားမှုအခြေအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီရုံးအတွင်း modular (prefabricated) office ငါးလုံးတပ်ဆင်တည်ဆောက်နေမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ အခက်အခဲမရှိတာဝန်ထမ်းဆောင်နိုင်ရန်အတွက် မိုးမကျမီယာယီရုံးအဆောက်အအုံများ အမြန်တပ်ဆင်ဆောင်ရွက်ပေးရန်နှင့်စနစ်တကျရှိစေရေးစီစဉ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ယနေ့ရောက်ရှိလာသည့် modular (prefabricated) office/house စုစုပေါင်းအလုံး ၂၀၀ အနက် modular (prefabricated) office ၁၆ လုံးကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်လုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လေးလုံး၊ အလုပ်သမားဝန်ကြီးဌာနသို့ ခြောက်လုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လေးလုံး ဖြန့်ဝေပေးပို့မည်ဖြစ်ပြီး modular (prefabricated) house ၁၈၄ လုံးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၁၀၄ လုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့အလုံး ၄၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလုံး ၄၀ ဖြန့်ဝေပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# ငလျင်ဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဒုတိယနေ့ဆက်လက်ရောင်းချ




**နေပြည်တော် မေ ၁၃**

ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ် ဒုတိယနေ့ကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ယနေ့နံနက်ပိုင်းမှစတင်၍ ပြသရောင်းချလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် ဒေသခံပြည်သူအများအပြား လာရောက်လေ့လာဝယ်ယူလျက်ရှိသည်။




ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်မှ ဒေါ်ဌေးဌေးလွင်က “အခုလို ငလျင်ဘေးသင့်ပြည်သူတွေအတွက် စီစဉ်ပေးတဲ့ ဈေးရောင်းပွဲတော်ကို မိတ်ဆွေသူငယ်ချင်းတွေကတစ်ဆင့် ကြားသိရတဲ့အတွက် လိုအပ်တဲ့ဘိလပ်မြေနဲ့အိမ်ဆောက်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းတွေကို လာရောက်ဝယ်ယူတာဖြစ်ပါတယ်။ ပစ္စည်းမှန်ပြီးဈေးနှုန်းလည်းမှန်ပါတယ်” ဟုပြောသည်။

ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း အရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံးဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများအရောင်းစင်တာ၊ သံထည်နှင့်စတီးများ အရောင်းပြခန်း၊ ပရိဘောဂအရောင်းပြခန်း၊ အိမ်သုတ်ဆေးအရောင်းပြခန်း၊ လုပ်ငန်းသုံးမီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် လာရောက်လေ့လာဝယ်ယူသူများပြားလျက်ရှိသည်။

အဆိုပါအရောင်းပွဲတော်သို့လာရောက်လေ့လာဝယ်ယူသည့် ပုဗ္ဗသီရိမြို့နယ်မှ ဦးအာကာဒိုးက “ဘိလပ်မြေလာရောက်ဝယ်ယူတာဖြစ်ပါတယ်။ တန်းစီပြီးတော့ဝယ်ယူရတာဖြစ်ပါတယ်။ အခုလို အခက်အခဲဖြစ်နေတဲ့အချိန်မှာ ဈေးနှုန်းမှန်ကန်ပြီး အရည်အသွေးပြည့်မီတဲ့ သံ၊ သံမဏိ၊ ဘိလပ်မြေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေ လာရောက်ရောင်းချပေးတဲ့ အသင်းအဖွဲ့တွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ မိမိနေအိမ်ကို ပြန်လည်ပြုပြင်တည်ဆောက်ဖို့ လိုအပ်တဲ့ဘိလပ်မြေ လာရောက်ဝယ်ယူတာဖြစ်ပါတယ်၊ **ဘိလပ်မြေလာရောက်ဝယ်ယူသူတွေအနေနဲ့နိုင်ငံသားစိစစ်ရေးကတ်၊ အပျက်အစီးမှတ်တမ်းဓာတ်ပုံ၊ အိမ်ထောင်စုဇယား မိတ္တူ၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်တို့ လိုအပ်ပါတယ်။** အရောင်းတာဝန်ရှိသူတွေကလည်း ဝယ်ယူရာမှာလိုအပ်တဲ့ အချက်အလက်တွေကို ပြည့်စုံစွာရှင်းလင်းပြောကြားပေးပါတယ်”ဟု ပြောသည်။

ယနေ့တွင် ရောင်းချခြင်းအစီအစဉ်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က ကြီးမှူး၍ MSIA – TALK SHOW ကို ထည့်သွင်းကျင်းပရာ ဆရာကြီး ဦးကြည်သာက “နည်းပညာရပ်ဖွံ့ဖြိုးမှုနှင့်အတူ တိုးပွားလာသောရာဇဝတ်မှုခင်းများအကြောင်း” ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါဈေးရောင်းပွဲတော်ကို ငလျင်ဘေးသင့်ပြည်သူများထူထောင်ရေးလုပ်ငန်းများ မိုးမကျမီ ဆောလျင်စွာ ပြန်လည်တည်ဆောက်နိုင်ရန် ဈေးနှုန်းမှန်ကန်စွာဖြင့် အရည်အသွေးပြည့်မီစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံနှင့်သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့်မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရောင်းချခြင်းအစီအစဉ်ကို မေလ ၁၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်၊

**ဓာတ်ပုံ–ဖိုးပြည့်စုံ၊ မင်းမင်း**

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚c | / | ၃၇˚c |
| ရန်ကုန် | ၂၅˚c | / | ၃၅˚c |
| မန္တလေး | ၂၇˚c | / | ၃၈˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကိုချွေတာကြပါစို့

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၂၅
၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ငွေးဝင်းကို ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးနိုင်မျိုးဟန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) ဦးကျော်ကောင်းချို | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

ရောဂါလက္ခဏာများမှာ-

အရည်ဝမ်းများစွာသွားခြင်း၊ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်၊ မေလ

# ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများ ပြုပြင်ထိန်းသိမ်းရေးဆွေးနွေး



**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ UNESCO ဌာနေကိုယ်စားလှယ် Mr.Ichiro Miyazawa အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြေခံပညာကျောင်းများ၊ ပညာရေးဒီဂရီကောလိပ်များ၊ တက္ကသိုလ်များကို ဇွန်လကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာသင်ကျောင်းများ ပြုပြင်ထိန်းသိမ်းရေး၊ အသစ်တည်ဆောက်ရေးလုပ်ငန်းများတွင် UNESCO အနေဖြင့် ကူညီမှုများဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သော ရေလှောင်တမံများပြုပြင်ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားများ အချိန်ပြည့်အသုံးပြုနိုင်ရေး၊ မြေစမ်းသပ်မှုများစနစ်တကျဆောင်ရွက်ရေး၊ တမံအောက်ခြေနှင့် လမ်းမအကြားရှိ မြေလွတ်နှင့် ရေကန်နေရာများတွင် သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ချောင်းမကြီးရေလှောင်တမံသို့ သွားရောက်၍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တမံပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိစေရေးနှင့် စက်ယန္တရားအင်အား ထပ်မံဖြည့်ဆည်းဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မိုးမကျမီအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းဆောင်ရွက်မှုအား နေ့ညအဆိုင်းခွဲပြီး စက်ယန္တရားများ အသုံးပြုဆောင်ရွက်ရေး၊ တမံအောက်ခြေသို့ နုန်းများထပ်မံမရောက်ရှိစေရေးအတွက် နုန်းတားမြောင်းများ စနစ်တကျတူးဖော်ထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# မန္တလေး (ရုံးခွဲ)ရှိ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်သည် ယနေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မန္တလေး(ရုံးခွဲ)သို့ ရောက်ရှိပြီး မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေး (ရုံးခွဲ) ရုံးအဆောက်အအုံ ပြင်ဆင်ရန်ကိစ္စနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ရုံး မန္တလေးရုံးခွဲတာဝန်ခံက ရုံးအဆောက်အအုံထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး၊ ဆယ်တင်ပစ္စည်းအခြေအနေနှင့် ကော်မရှင်ရုံးခွဲလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ကော်မရှင်အဖွဲ့ဝင်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် အင်ဂျင်နီယာပညာရှင်များ ဦးဆောင်သောအဖွဲ့က မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ Main Structure ဖြစ်သော Column နှင့် Beam များ ထိခိုက်ပျက်စီးမှုမရှိဘဲ နံရံအချို့တွင် အသေးစားထိခိုက်မှုသာရှိကြောင်း တွေ့ရှိရမှုကို အပြာရောင်အဆင့် သတ်မှတ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြန်ကြားစာပေးပို့ထားပြီးဖြစ်သဖြင့် အဆိုပါ အသေးစားထိခိုက်ပျက်စီးမှုကို ခွင့်ပြုအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းစရိတ်ဖြင့် အမြန်ပြင်ဆင်သွားမည်ဖြစ်ကြောင်းပြောကြားကာ ရုံးခွဲရှိဝန်ထမ်းများကို ရင်းနှီးနွေးထွေးစွာအားပေးစကားပြောကြားပြီး အစားအစာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရိုင်းမြစ်မှသည် - - - - -

စည်သူ



**❖ ရိုင်းမြစ်ပေါ်တွင် တည်ဆောက်ထားသော အဆင့်ဆင့်အနိမ့်တမံများမှာ ရေအားလျှပ်စစ်ကို စဉ်ဆက်မပြတ်ထုတ်လုပ်ရရှိနိုင်သော၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအနည်းဆုံးဖြင့် ပြန်ပြည့်မြဲစွမ်းအင်ကိုထုတ်လုပ်ပေးနိုင်သော ရေလှောင်ကန်များတည်ဆောက်ခြင်းထက် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို လျှော့နည်းစေနိုင်သော၊ မြစ်၏သဘာဝရေစီးဆင်းမှုကိုသာအသုံးပြုသော အနိမ့်တမံအမျိုးအစားများကို တည်ဆောက်ထား . . .**

ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် နေ့စဉ်တိုးတက်မှုများကို ဘက်ပေါင်းစုံမှ ရှုမြင်နိုင်ပေလိမ့်မည်။ လူသားတို့၏ အဓိကလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးတို့အပေါ်တွင် ထပ်ဆောင်း၍ နည်းပညာကိုပေါင်းစပ်ထားသော ကမ္ဘာကြီးဖြစ်လာပေသည်။ အဆိုပါနည်းပညာကမ္ဘာ၏ အလိုအပ်ဆုံးအရာကိုပြပါဆိုလျှင် “စွမ်းအင်” အသုံးချနိုင်မှုပင်ဖြစ်သည်။ အရင်းအမြစ်မျိုးစုံမှ ထုတ်ယူရရှိနိုင်သော “စွမ်းအင်” အမျိုးမျိုးတို့အထဲတွင် မည်သည့်အရင်းအမြစ်က အကောင်းဆုံးဖြစ်ပါသနည်းဟု မေးခွန်းထုတ်လာပါလျှင် **“အကုန်ကောင်းပါသည်၊ သို့သော် အကျိုးအပြစ်များကတော့ဖြင့် မတူနိုင်”** ဟုသာ ဖြေရမည်ဖြစ်သည်။ သို့သော် ပြန်ပြည့်မြဲစွမ်းအင်တို့သည် အကောင်းဘက်သို့ ပိုမိုရရှိနိုင်ခြင်းကြောင့် စွမ်းအင်စီမံခန့်ခွဲမှုတွင် ပိုမိုအသုံးချရမည်ဖြစ်ပေသည်။ ပြန်ပြည့်မြဲစွမ်းအင်များထဲတွင် စွမ်းဆောင်ရည် (Efficiency) မြင့်မားသော ရေအားလျှပ်စစ်များသည် ရှေ့တန်းမှဦးဆောင်ပါဝင်နေသည်မှာ ရာစုနှစ်နှစ်စုခန့်ရှိနေပြီဖြစ်ပေသည်။ အလားတူ ရေအရင်းအမြစ်ကို ရနိုင်သလောက်ထုတ်ယူသုံးစွဲမှု၏ ပြယုဂ်တစ်ခုဖြစ်သော အဆင့်ဆင့်အနိမ့်တမံရေအားလျှပ်စစ်ထုတ်လုပ်မှု (Low Head Cascade Hydropower Dams) များသည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ပေသည်။ ထို့ကြောင့် ဥရောပတိုက်၏ စံနမူနာဖြစ်သော၊ ဥရောပတိုက်၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်သော **“ရိုင်းမြစ်”** ၏အကြောင်းကို ရေးသားတင်ပြသွားမည်ဖြစ်သည်။

ရိုင်းမြစ်သည် သမိုင်းတစ်လျှောက် ယဉ်ကျေးမှုနှင့် နိုင်ငံရေးအရ ပေါင်းစည်းမှုကိုဖြစ်စေပြီး အပြုသဘောဆောင်သော သက်ရောက်မှုများနှင့် နိုင်ငံရေးနယ်နိမိတ်အဖြစ် ခွဲခြားသတ်မှတ်မှုများကို ပြောင်းလဲစေနိုင်သည့် စံနမူနာတစ်ခုဖြစ်သည်။ ရောမအင်ပါယာခေတ်မှစတင်ကာ ရိုင်းမြစ်ကို နိုင်ငံရေးနယ်နိမိတ်အဖြစ်သတ်မှတ်ခံခဲ့ရပြီးနောက်ပိုင်းတွင် ပြင်သစ်နိုင်ငံက ၎င်း၏သဘာဝနယ်နိမိတ်အဖြစ် တောင်းဆိုခဲ့သည်။ ခေတ်သစ်ကာလတွင် ရိုင်းမြစ်ကိုဗဟိုပြု၍ စီးပွားရေးနှင့် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဆီသို့ ဦးတည်သွားခဲ့ပြီး ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေခဲ့သည်။ ရိုင်းမြစ်သည် ဥရောပတိုက်၏ အရေးပါသောမြစ်တစ်စင်းဖြစ်ပြီး ၎င်း၏မြစ်ကြောင်းကို အပိုင်းများစွာခွဲကာ လေ့လာနိုင်သည်။ မြစ်၏အရှည်ကို“ရိုင်းကီလိုမီတာ” ဖြင့်တိုင်းတာပြီး ဂျာမနီနိုင်ငံ Konstanz မြို့မှ နယ်သာလန်နိုင်ငံ Hook of Holland အထိသတ်မှတ်ထားသည်။ ၁၉ ရာစုနှင့် ၂၀ ရာစုအတွင်း လုပ်ဆောင်ခဲ့သော မြစ်ကြောင်းပြင်ဆင်မှုများကြောင့် မြစ်၏သဘာဝလမ်းကြောင်းမှာ တိုသွားခဲ့သည်။ Lake Constance နှင့် Alpine Rhine တို့ပါဝင်သော ရိုင်းမြစ်၏စုစုပေါင်းအရှည်ကို တိကျစွာတိုင်းတာရန်ခက်ခဲပြီး ၂၀၁၀ ပြည့်နှစ်တွင် နယ်သာလန်ရေကြောင်းနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအဖွဲ့က ရိုင်းမြစ်၏အရှည်ကို ၁၂၃၂ ကီလိုမီတာ (၇၆၆ မိုင်)အဖြစ်ဖော်ပြခဲ့သည်။

ရိုင်းမြစ်သည် ဆွစ်ဇာလန်နိုင်ငံရှိ အဲလ်ပ်စ်တောင်တန်းများ၏အမြင့်ပိုင်း ဆီးနှင်းနှင့်ရေခဲဖုံးလွှမ်းသောနေရာများတွင် မြစ်ဖျားခံပြီး Vorderrhein နှင့် Hinterrhein ဟူသော မြစ်လက်တက်နှစ်ခုမှစတင်သည်။ Chur မြို့အောက်တွင် ရိုင်းမြစ်သည် အဲလ်ပ်စ်တောင်တန်းများမှထွက်ခွာလာပြီး ဆွစ်ဇာလန်နှင့် လက်ချင်းစတိန်းနိုင်ငံတို့၏ ကြားနယ်နိမိတ်အဖြစ် စီးဆင်းလာခဲ့သည်။ ထို့နောက် ဆွစ်ဇာလန်နှင့် ဩစတြီးယားနိုင်ငံတို့ကြား နယ်နိမိတ်အဖြစ် ဆက်လက်စီးဆင်းကာ Lake Constance သို့ ဝင်ရောက်၍ မြစ်ဝကျွန်းပေါ်ဒေသအဖြစ်ပြန့်ကားသွားပြီး ရေကြီးရေလျှံမှုကိုကာကွယ်ရန်အတွက် မြစ်ကြောင်းကိုဖြောင့်တန်းစေခြင်း၊ မြစ်ကမ်းပါးအားဖြည့်ခြင်းများ ဆောင်ရွက်ထားသည်။ Basel ၏အောက်ဘက်တွင် ရိုင်းမြစ်သည် မြောက်ဘက်သို့ဦးတည်စီးဆင်းကာ Vosges တောင်တန်းများနှင့် Black Forest တောင်တန်းများကြား ကျယ်ပြန့်သော မြေပြန့်ဒေသကို ဖြတ်သန်းစီးဆင်းသည်။ ဤဒေသတွင် ၎င်း၏အဓိကမြစ်လက်တက်များနှင့်ပေါင်းဆုံပြီး ၁၉ ရာစုအစောပိုင်းတွင် မြစ်ကြောင်းဖြောင့်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယခုအခါ မြစ်၏ယခင်လမ်းကြောင်းများကို မြစ်ကြောင်းဟောင်းများနှင့် ဖြတ်တောက်ထားသောနေရာများတွင် တွေ့နိုင်သည်။ Lake Constance မှ ထွက်ခွာသောအခါ ရိုင်းမြစ်သည် Untersee မှတစ်ဆင့် စီးဆင်းပြီး ထိုနေရာမှ Basel အထိ မြစ်ကို High Rhine ဟုခေါ်ကာ ဆွစ်ဇာလန်နှင့်ဂျာမနီနိုင်ငံတို့ကြား နယ်နိမိတ်အဖြစ်သတ်မှတ်ထားသည်။ သို့သော် Stein am Rhein အောက်ရှိဒေသတွင် နယ်နိမိတ်သည် အနည်းငယ်လွှဲဖယ်တိမ်းစောင်းသွားပြီး Schaffhausen ရှိ Rhine Falls သည် ဆွစ်ဇာလန်နိုင်ငံအတွင်း၌သာ တည်ရှိသည်။

ရိုင်းမြစ်သည် ဆွစ်ဇာလန်၊ ဩစတြီးယား၊ ဂျာမနီ၊ ပြင်သစ်၊ နယ်သာလန်နှင့် လက်ချင်းစတိန်းနိုင်ငံတို့ကို ဖြတ်သန်းစီးဆင်း၍ ရောမခေတ်ကတည်းက တောင်ဥရောပနှင့် မြောက်ဥရောပကို ဆက်သွယ်ပေးခဲ့သော အဓိကရေကြောင်းလမ်းဖြစ်ခဲ့သည်။ ယခုအခါတွင်လည်း ဥရောပ၏အဓိကမြို့ကြီးများဖြစ်ကြသော Amsterdam (နယ်သာလန်)၊ Cologne (ဂျာမနီ)၊ Strasbourg (ပြင်သစ်)၊ Düsseldorf (ဂျာမနီ)၊ Basel (ဆွစ်ဇာလန်)၊ Mannheim (ဂျာမနီ)၊ Rotterdam (နယ်သာလန်) တို့ကို ဖြတ်သန်းစီးဆင်းပြီး ထိုမြို့များအတွက် အရေးပါသော ရေကြောင်းလမ်းတစ်ခုအဖြစ် ဆက်သွယ်ပေးလျက်ရှိသည်။ Alpine Rhine, High Rhine, Upper Rhine, Middle Rhine, Lower Rhine နှင့် Delta Rhine တို့သည် ရိုင်းမြစ်၏ အဓိကအပိုင်းများဖြစ်ကြပြီး အပိုင်းတစ်ခုစီတွင် ကွဲပြားသောလက္ခဏာများ၊ လှပသောရှုခင်းများ၊ သမိုင်းဝင်နေရာများနှင့် စီးပွားရေးအရအရေးပါသောနေရာများပါဝင်သည်။ ဆွစ်ဇာလန်နိုင်ငံရှိ Anterior Rhine နှင့် Posterior Rhine မြစ်နှစ်ခုပေါင်းဆုံရာမှ ဖြစ်ပေါ်လာပြီး Rhine ချိုင့်ဝှမ်းမှတစ်ဆင့် Lake Constance သို့ စီးဆင်းသော **Alpine Rhine (ခေါ်) Lake Constance** အပိုင်းသည် ဆွစ်ဇာလန်၊ လက်ချင်းစတိန်းနှင့် ဩစတြီးယားနိုင်ငံတို့ကြား နယ်နိမိတ်အဖြစ်သတ်မှတ်ထားသည်။ Lake Constance မှစတင်ကာ အနောက်ဘက်သို့စီးဆင်းပြီး Rhine Falls သို့ဆင်းသက်သော **High Rhine** သည် Aare မြစ်နှင့်ပေါင်းဆုံပြီး မြစ်၏ရေထုစီးနှုန်းကို နှစ်ဆဖြစ်စေသည်။ **Upper Rhine** အပိုင်းသည် Upper Rhine Valley ဒေသကို ဖြတ်သန်းစီးဆင်း၍ မြေဩဇာကောင်းမွန်ခြင်းနှင့် သမိုင်းဝင်အရေးပါမှုတို့အတွက်ကျော်ကြားပြီး လှပသောကျေးရွာများ၊ မြို့များနှင့်မတူညီသော ရှုခင်းများကိုတွေ့မြင်နိုင်သည်။ ထိုအပိုင်းတွင် Black Forest သည် ရိုင်းမြစ်ဝှမ်း၏ အရှေ့ဘက်တွင်တည်ရှိကာ Vosges တောင်တန်းများသည်လည်း အနောက်ဘက်တွင်တည်ရှိသည်။

ရိုင်းမြစ်တစ်လျှောက်တွင် ရှေးခေတ်ကာလက ရိုင်းမြစ်၏ ဗျူဟာမြောက်အရေးပါမှုကို သက်သေပြနေသော ရှေးဟောင်းခံတပ်များနှင့် ရဲတိုက်များစွာတည်ရှိသည့် Upper Middle Rhine **Valley** ဒေသကိုဖြတ်သန်းစီးဆင်းသော **Middle Rhine** သည် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခံထားရပြီး ဂျာမနီနိုင်ငံရှိစပျစ်ခြံများနှင့် လှပသောရှုခင်းများကို ဖြတ်သန်းစီးဆင်းလျက် ဤဒေသတွင် စပျစ်သီးများစိုက်ပျိုး၍ နာမည်ကျော်ဝိုင်များကို ထုတ်လုပ်လျက်ရှိသည်။ Middle Rhine သည် မိုင် ၄၀ ရှည်လျား၍ ဂျာမနီနိုင်ငံ Bingen မှ Koblenz အထိ ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ရိုင်းမြစ်မှ ၁၃၂ မီတာအမြင့်တွင် Rhine Gorge ၏ ထင်ရှားသည့်အမှတ်အသားတစ်ခုအဖြစ် ခရီးသွားများ၏စိတ်ကိုဆွဲဆောင်နိုင်သော ဒဏ္ဍာရီလာ The Loreley ကျောက်ဆောင်ကိုလည်းတွေ့မြင်နိုင်သည်။ Rhine Gorge သည် သဘာဝနှင့်လူ့ယဉ်ကျေးမှုတို့၏လိုက်လျောညီထွေမှုကို ပြသနေသော ထူးခြားသည့် ယဉ်ကျေးမှုဆိုင်ရာရှုခင်းတစ်ခုဖြစ်သည်ဟု ၂၀၀၂ ခုနှစ်တွင် UNESCO မှ အသိအမှတ်ပြုခဲ့ပြီး ဂျာမနီ၏ ဂုဏ်ယူစရာရှုခင်းများထဲမှတစ်ခုဖြစ်ကာ နှစ်စဉ် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များစွာကို ဆွဲဆောင်လျက်ရှိသည်။

Rotterdam (နယ်သာလန်) မှ ဂျာမနီနိုင်ငံ၏ အဓိကမြို့တစ်ခုဖြစ်သော Cologne အထိ မိုင် ၃၅၀ ခန့်ရှည်လျားပြီး မြစ်ဝှမ်းဒေသကိုဖြတ်သန်းစီးဆင်းသည့် **Lower Rhine** အပိုင်းသည် ကျယ်ပြန့်ပြီး သင်္ဘောများသွားလာနိုင်သော မြစ်ကြောင်းဖြစ်သည့်အတွက် လူသိများထင်ရှားသည်။ **Delta Rhine** အပိုင်းတွင် Waal, Nederrijn နှင့် IJssel မြစ်များအဖြစ် မြစ်လက်တက်များစွာခွဲထွက်သွားပြီး မြောက်ပင်လယ်ထဲသို့ စီးဝင်သွားသည်။ နယ်သာလန်နိုင်ငံ Spijkenisse တွင် နယ်နိမိတ်ကိုဖြတ်ကျော်ပြီး မြစ်၏အကျယ်ဆုံးအပိုင်းသို့ ရောက်ရှိသောနေရာလည်းဖြစ်သည်။

ဒင်ညူမြစ် (Danube) ပြီးလျှင် ဥရောပအလယ်ပိုင်းနှင့် အနောက်ပိုင်းတွင် ဒုတိယအရှည်ဆုံးမြစ်ဖြစ်ပြီး ဥရောပတိုက်အတွက် ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်အတွက် အရေးပါသောရေကြောင်းလမ်းလည်းဖြစ်သည့် ရိုင်းမြစ်ပေါ်တွင် ၁၉ ရာစုနှင့် ၂၀ ရာစုအတွင်း ဥရောပတိုက်၏ စက်မှုလုပ်ငန်းနှင့် ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ကြသည်။ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊

**စာမျက်နှာ ၁၄ သို့** ❍


❍ စာမျက်နှာ ၁၃ မှအဆက်

ရေကြောင်းသွားလာရေး၊ စွမ်းအင်ထုတ်လုပ်မှုနှင့် ရေကြီးမှုကာကွယ်ရေးအစရှိသော အဓိကရည်ရွယ်ချက်များဖြင့် အဆင့်ဆင့်အနိမ့်တမံရေအားလျှပ်စစ်ထုတ်လုပ်မှု (Low Head Cascade Hydropower dams) များ တည်ဆောက်ခဲ့ကြသည်။ အထူးသဖြင့် မြစ်၏အနိမ့်အမြင့်အခြေအနေနှင့် မြစ်ရေထုစီးနှုန်းတို့တွင်မူတည်၍ ရေအားလျှပ်စစ်ထုတ်လုပ်ရန်သင့်လျော်သည့် ရိုင်းမြစ်အထက်ပိုင်းဖြစ်သော High Rhine နှင့် Upper Rhine တို့တွင် အဆင့်ဆင့်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းဖြင့် ဒေသတွင်းတွင် ပြန်ပြည့်မြဲစွမ်းအင်ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

Lake Constance မှ Basel အထိ ဖြတ်သန်းစီးဆင်းသွားသော ရိုင်းမြစ်၏အထက်ပိုင်းဖြစ်သည့် High Rhine နှင့် Upper Rhine အပိုင်းတို့တွင် အဆင့်ဆင့်အနိမ့်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၁ ရုံတို့ကို ၁၈၆၀-၁၉၇၇ ခုနှစ်များအတွင်း တည်ဆောက်ခဲ့ကြပြီး ယခုအချိန်ထိ လျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲလျက်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ တပ်ဆင်စက်အင်အား ၂၃၀၀ မဂ္ဂါဝပ်ကျော် ထုတ်လုပ်ရရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထင်ရှားသောစက်ရုံများမှာ Schaffhausen 28.8 MW, Eglisau 46.9 MW, Reckingen 39 MW, Albbruck-Dogern 108 MW, Rheinfelden 100 MW, Augst-Wyhlen 70.5 MW, Birsfelden 100 MW, Kembs 160 MW, Fessenheim 180 MW, Marckolsheim 160 MW, Gambsheim 100 MW, Iffezheim 148 MW နှင့် Rhinau 160 MW အစရှိသော အဆင့်ဆင့်အနိမ့်တမံရေအားလျှပ်စစ်စက်ရုံတို့ဖြစ်ကြသည်။ ရိုင်းမြစ်ပေါ်တွင် တည်ဆောက်ထားသော အဆင့်ဆင့်အနိမ့်တမံများမှာ ရေအားလျှပ်စစ်ကို စဉ်ဆက်မပြတ်ထုတ်လုပ်ရရှိနိုင်သော၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအနည်းဆုံးဖြင့် ပြန်ပြည့်မြဲစွမ်းအင်ကိုထုတ်လုပ်ပေးနိုင်သော ရေလှောင်ကန်များတည်ဆောက်ခြင်းထက် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုကို လျော့နည်းစေနိုင်သော၊ မြစ်၏သဘာဝရေစီးဆင်းမှုကိုသာအသုံးပြုသော အနိမ့်တမံအမျိုးအစားများကို တည်ဆောက်ထားသည်။

**ဆက်လက်ဖော်ပြပါမည်။**

# သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်



**ဇလွန် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သက္ကယ်ကျွန်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်ဟင်္သာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မော်သန်းနှင့် ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ညောင်ဝိုင်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိသည့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် မေလ ၁ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ဆာဖိုးသာစပါးများကို ပျိုးထောင်ရက်နှင့် ကောက်စိုက်ရက်များသတ်မှတ်ကာ စိုက်ပျိုး

**ပွင့်ဖြူ မေ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့် မင်းဘူး(စကု)မြို့နယ်တို့၌ စပါးများစိုက်ပျိုးထုတ်လုပ်နိုင်ရေး သမဝါယမကဏ္ဍကိုဆောင်ရွက်လျက်ရှိရာ ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အနေဖြင့် နွေစပါးစိုက်ဧက ၅၀ ပေါ်တွင်ဆာဖိုးသာစပါးများကိုပျိုးထောင်ရက်နှင့် ကောက်စိုက်ရက်များသတ်မှတ်ကာ ခြောက်တန်းတစ်တန်းလုပ်(မျိုးစေ့ထုတ်)ကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးသည်။

ဆာဖိုးသာစပါးများ စိုက်ပျိုးရာတွင် CP၊ ယူရီးယား၊ စိမ်းစိုနှင့် ပိုတက် စသည့်သွင်းအားစုမြေသြဇာများကို ထည့်သွင်းအသုံးပြုစိုက်ပျိုးထားရှိပြီး ဇူလိုင်လကုန်ပိုင်းတွင် ရိတ်သိမ်းသွားမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က ကျေးလက်နေတောင်သူများအား မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးလာခြင်းကြောင့် အကျိုးအမြတ်ပိုမိုရရှိစေရန် မျိုးကောင်းမျိုးသန့်တစ်နိုင်တစ်ပိုင် ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဇော်မျိုး(မြဝတီ)**

**သဇင်(FM)အသံလွှင့်အစီအစဉ်** — ၁၄-၅-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

## နံနက်စောစောနေရောင်ခြည်သည် အရိုးအဆစ်များကို သန်မာစေနိုင်သည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဝန်ထမ်းများအတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန်အတွက် Prefabricated House များ ဆောက်လုပ်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။


ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက Prefabricated House အဆောက်အအုံများ စနစ်တကျနေရာချထားပြီး ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်ရေး၊ ကူးစက်ရောဂါများမဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့်အစီအမံများ ကြိုတင်ဆောင်ရွက်ထားရေး၊ မိုးမကျမီအပြီးဆောက်လုပ်ထားရှိနိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ အချိန်မီဆောင်ရွက်ကြရေးနှင့် ဆောက်လုပ်ပြီးစီးသည့်နေအိမ်များတွင် ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်ရေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ


## မိုးကြီးမည့်သတိပေးချက်

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်


၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





၁၆-၅-၂၀၂၅ ရက်နေ့မှ ၁၇-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၈-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် မေ ၁၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ၁၆-၅-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ၁၇-၅-၂၀၂၅ ရက်မှ ၂၀-၅-၂၀၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ ရွှေကူကြီးမြတ်စွာဘုရား၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ငလျင်ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ဝယ်ယူကြသည့်ပြည်သူများနှင့် တွေ့ဆုံစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ဆောက်လုပ်ရေးပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ရှိ အစိုးရဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေရပ်ကွက်နှင့်အိမ်များ၊ သာသနိကအဆောက်အအုံနေရာများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရမိသားစုဝင်များအတွက် ထောက်ပံ့ငွေ ငွေကျပ်(၂၁၃၆၅၀၀၀)၊ အာဆီယံလူသားချင်းစာနာထောက်ထားမှု ကူညီရေးညှိနှိုင်းမှုဗဟိုဌာန(AHA Center)က မီးဖိုချောင်သုံးပစ္စည်းများနှင့် တရုတ်နိုင်ငံက တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေကြေးများ၊ ထောက်ပံ့ပစ္စည်းများ၊ ရိက္ခာများနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်သူများလက်ဝယ်သို့အရောက် ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းအရောင်းပြခန်း၌ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆဲအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ ဆရာ/ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ်၊ ၇၃ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိယခင်မင်္ဂလာဈေးနေရာတွင် ငလျင်ဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြင်ပပေါက်ဈေးထက်သက်သာစွာ ရောင်းချပေးနေမှုအခြေအနေများကိုလည်းကောင်း၊ လာရောက်ဝယ်ယူကြသည့် ပြည်သူများနှင့်တွေ့ဆုံ၍ လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်မှု ရှိ/မရှိ အခြေအနေများကိုလည်းကောင်း မေးမြန်းအားပေးစကားပြောကြားပြီး အိမ်ဆောက်ပစ္စည်းများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ သာသနိကအဆောက်အအုံနေရာများ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ်တွေ့ရှိရသော ဌာပနာပစ္စည်းများ စနစ်တကျအပ်နှံထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများပေးအပ်လှူဒါန်းကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်းလေ့ကျင့် သင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ရွှေမုဋ္ဌောဘုရားရင်ပြင်၌ ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် ဂန္ဓကုဋိတိုက်များ၊ ငလျင်ဒဏ်ကြောင့် တိမ်းစောင်းသွားသော ကျောက်သေတ္တာစေတီ၌ မိုးရွာသွန်းမှုများကြောင့် စေတီအောက်ခြေရေမဝင်ရောက်စေရေးအတွက် ပလတ်စတစ်အမိုးများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ရေတိုက်စားမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘုရားပရိဝုဏ်အတွင်း ဝိုင်းဝန်းလုပ်အားပေးဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဆီဆုံကျေးရွာအုပ်စုအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးပစ္စည်းများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် Modular House များ ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွာခိုင်ရပ်ကွက်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဦးဝရသာမိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများ ပြန်လည်ပြုပြင်မွမ်းမံရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘယ်လင်းအကျဉ်းဦးစီးဌာန(၁)နှင့် ဘယ်လင်းအကျဉ်းဦးစီးဌာန(၂)တို့ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ ထူးချွန်ဆုရသင်တန်းသားများ လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်း၊ အမောင်းသင်လေယာဉ်/ရဟတ်ယာဉ်များအား လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်စဉ်။





ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့်လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် မေ ၁၃

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) Documentary အားပြသပြီး ရေကြောင်းပြခန်းနှင့် ဥတ္တရဆောင်ရှိ စာသင်ခန်းတို့အား လေ့လာခြင်း၊ Torpedo Trainer နှင့် ရေတပ်အမြောက်များ လေ့လာခြင်း၊ Welding Simulator၊ Electrical Trainer နှင့် Cutaway Model များအား လေ့လာခြင်း၊ Damage Control Simulator-Zarmani အားလေ့လာခြင်း၊ Ship Handling Simulator နှင့် Engine Room Simulator များအားလေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု)တို့အား လှည့်လည်ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများသည် ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ ရောက်ရှိကြပြီး စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများနှင့် Ship Lift System စနစ်ဖြင့် ရေယာဉ်များလွန်းတင်/လွန်းချခြင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးသွားရောက်ကြရာ လေ့လာရေးခရီးစဉ်အတွင်း စစ်ရေယာဉ်၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့်လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာအထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များအား စိတ်ပါဝင်စားစွာလေ့လာခဲ့ကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)သင်တန်းစခန်း ၁၅ ခုမှ ထူးချွန်ဆုရသင်တန်းသားများသည် ယနေ့တွင် နေပြည်တော်လေတပ်စခန်း၌ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါမပျံသန်းမီ အထွေထွေကျန်းမာရေးစစ်ဆေးခြင်းနှင့် ကြိုတင်လေ့ကျင့်သင်ကြားဆွေးနွေးခြင်းများဆောင်ရွက်ပြီး လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ အမောင်းသင်လေယာဉ်/ရဟတ်ယာဉ်များအား လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ စခန်းပေါင်းစုံအခြေခံစစ်ရေးပြပြိုင်ပွဲများ၊ RC Simulator မောင်းနှင်ခြင်းနှင့် Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲများ၊ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများကို ပြုလုပ်ရာ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်လေကြောင်းလူငယ်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kalay District completes harvest of more than 3,000 acres of onions



KALAY May 13

According to the statistics of the Kalay District Department of Agriculture in Sagaing Region, the harvest of onions cultivated during the winter crop season on 3,574 acres has been completed in Kalay District.

During the winter planting season in Kalay District, onions were grown on up to 3,574 acres. The harvest began in January of this year, and as of today, 100 per cent of the onion plantations have been harvested. The yield per acre was reported to be 4,631.55 viss.

"The total area planted with onions in Kalay District this winter season was 3,574 acres. As of now, the harvest from all acres has been fully completed. The actual planted area exceeded the initial estimates. Onion cultivation has been expanding, and there are also efforts to link farmers with good markets so they can get favorable prices," said U Aung, Head of the Kalay District Department of Agriculture.

The harvested area by township in Kalay District includes 2,651 acres in Kalay Township, 206 acres in Kalewa Township, and 717 acres in Mingin Township, totalling 3,574 acres.

The relevant township-level agriculture departments in Kalay District have provided support to onion farmers by facilitating market connections for better prices, offering technology for longer storage of onions, promoting cultivation using the GAP (Good Agricultural Practices) system, and helping ensure high-quality onion production.

Onion farmers reported that the investment per acre was approximately Ks-1.8 million, and the yield was around 5,000 viss per acre.

In Sagaing Region, onions are widely cultivated in Monywa, Yinmabin, ChaungU, Shwebo, and Myinmu townships.

**SMK**

# More than 1,000 acres of summer paddy planted in Mawlaik Township

MALAIK May 13

Statistics of Mawlaik District Agriculture Department stated that a total of 1,689 acres of summer paddy has been planted in Mawlaik Township of Sagaing Region.

In the 2024–2025 summer crop season, local authorities earmarked to grow 2,300 acres of summer paddy in Mawlaik Township. As of today, a total of 1,689 acres have already been cultivated since planting began in January of this year.

"Mawlaik Township has planned to grow over 2,000 acres of summer paddy for this year's summer crop season. So far, more than 1,600 acres have been cultivated. Efforts are being made to meet the targeted acreage. Farmers are being provided with agricultural techniques, awareness on pest prevention, and guidance to avoid crop losses and to ensure timely transportation of harvested paddy under proper shelter," said Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

To increase per-acre yield and meet production targets, quality seeds are being distributed to summer paddy farmers in Mawlaik Township. Pamphlets on agricultural techniques are being handed out, and training sessions and discussions are being organized. Efforts are also being made to ensure timely access to necessary agricultural inputs.

Senior farmers are being encouraged to coordinate with the Department of Agriculture to make advance preparations, such as following the department's guidelines on pest and disease prevention, engaging in soil nutrient enrichment activities, and collecting quality seeds in advance, in order to plant summer paddy and other crops in a timely manner after the harvest of monsoon crops.

**SK**

# Peanut plantations reaped in Kalay Township

KALAY May 13

Local farmers have reaped all sown acreage of peanut plantations in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department.

In Kalay Township, during the winter crop season, peanut plantations were cultivated on up to 19,292 acres. It is reported that harvesting of these peanut fields began in January of this year, and as of today, 100 percent of the fields have been harvested. The yield was 81.32 baskets per acre.

According to U Naing Tun Win, Head of the Kalay Township Department of Agriculture, "Peanuts were cultivated on a total of 19,292 acres of croplands during the winter crop season in Kalay Township. All of the cultivated areas have now been fully harvested. This year, cultivation exceeded the initially planned acreage. Peanut farming has been successful, and it continues to grow year by year. As an oil crop, it is in a successful state."

In Kalay Township, one and a half baskets of seeds are used per acre for peanut cultivation. The cost of cultivation, including seed costs, labor, fertilizers, and pesticides, exceeds Ks-200,000 per acre. It is reported that yields exceed 50 baskets per acre.



To ensure the success of peanut cultivation, prevent pest and disease outbreaks, and keep the fields weed-free, staff from the Township Department of Agriculture conducted field inspections and recorded monitoring data in the peanut fields.

**SMK**

# Farmers harvest all sown acreage of black gram in Yinmabin District



YINMABIN May 13

Statistics of Yinmabin District Agriculture Department mentioned that all sown acreage of black gram has been harvested in Yinmabin District of Sagaing Region.

In Yinmabin District, during the winter crop season, black gram was cultivated on up to 11,404 acres of croplands. Harvesting of these black gram fields began in January of this year, and as of today, 100 percent of the planted acres have been harvested. The average yield per acre was 18.20 baskets.

"The black gram crop was cultivated across 11,404 acres during the winter crop season in Yinmabin District. Currently, all of the planted acres have been fully harvested. During the cultivation period, we also provided technical assistance, quality seeds, and guidance on pest and disease control measures in the field," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

By township, the harvested areas of black gram in Yinmabin District are as follows: 611 acres in Yinmabin Township, 7,620 acres in Kani Township, 113 acres in Salingyi Township, and 3,060 acres in Pale Township—totalling 11,404 acres.

The Department of Agriculture in each township provided support to farmers cultivating black gram by offering knowledge and training on the use of regionally appropriate quality seeds, ensuring seed purity, proper cultivation techniques, pest prevention, correct use of fertilizers, and improving yield.

During this year's winter growing season, various types of pulses were cultivated. To enhance yield and quality, the respective township agriculture departments collaborated with farmers by providing high-quality and pure seeds, growth enhancers, and post-harvest technologies.

**SK**

# More than 5,000 acres of soya bean reaped in Katha District

KATHA May 13

Statistics of Katha District Agriculture Department stated that a total of 5,339 acres of soya bean has been harvested in Katha District in Sagaing Region.

During the winter crop season in Katha District in Sagaing Region, a total of 5,339 acres of soya beans were cultivated. Harvesting of these soya bean fields began in January this year, and as of today, 100 percent of the cultivated acreage has been harvested, yielding an average of 16.69 baskets per acre.

Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture, unveiled: "In the winter crop season in Katha District, local farmers cultivated soya beans on up to 5,339 acres. All of these fields have now been fully harvested. The cultivated area even exceeded the projected acreage. Educational activities will continue to be carried out to prevent pest infestations. Efforts have also been made to ensure farmers have access to quality seeds and to raise awareness among them."

In Katha District, Katha Township harvested 345 acres of soya bean, Indaw Township 205 acres, Htigyaing Township 4,655 acres, and Banmauk Township 134 acres, totalling 5,339 acres.

The respective Township Agriculture Departments in Katha District have provided education and support to farmers on the use of suitable and pure seed varieties for each region, correct planting methods, pest prevention, proper use of fertilizers, and techniques to improve yield.

During this winter crop season, farmers have also been assisted in cultivating various types of beans. To improve both yield and quality, collaboration with farmers included the provision of quality seeds, necessary inputs, and post-harvest technology.

**SMK**

# Mandalay market bustling with pulses trading

MANDALAY May 13

Mandalay's markets are bustling as international buyers, particularly from China and India, arrive to secure Myanmar's high-quality pulses.

Increasing demand for pulses to donate to quake-stricken regions boosts pulse sales, according to the Yadanabon Trade Centre of the Myanmar Trade Promotion Organization, Mandalay.

Traders are doing a roaring trade of green gram, kidney bean, chickpea and various beans at Mandalay depot. Nonetheless, the trading of pigeon peas and black grams, mainly designated for export markets, is sluggish, and the prices of various maize also declined.

Chinese and Indian traders come to the Mandalay market to buy Myanmar's pulses. India extended the free import policy of the black gram and pigeon pea until 31 March 2026 as per the announcement of the Directorate-General of Foreign Trade, the Ministry of Commerce and Industry of the Government of India, a trader elaborated.

**SK**

# Myanmar exported over 390,000 tons of fish in the previous financial year



YANGON May 13

Myanmar's fish exports amounted to US$-421.94 million from over 393,000 tons in the previous financial year 2024-2025 (from 1 April 2024 to 31 March 2025). Myanmar conveyed over 176,600 tons of fish worth US$-241.3 million to foreign trade partners through maritime trade, while fish exports at the borders exceeded 216,540 tons worth US$-180.6 million. Myanmar's fish export reached over 344,342 metric tons, bagging over US$-388 million in the same period of 2023-2024 FY.

The figure in the FY 2024-2025 showed a significant increase of US$-33.85 million compared to that of the FY 2023-2024. Myanmar steadily exports seafood to 40 countries, including China, Thailand, Bangladesh and Japan, through maritime and border trade channels.

More than 20 fish species, including hilsa, rohu, catfish, and seabass, are conveyed to foreign markets, according to the Myanmar Fisheries Federation.

There are over 140 cold-storage seafood processing factories in Myanmar. The Department of Fisheries allows licence renewal yearly.

**SMK**

## Ayadaw Township finishes harvest of peanut planted in cold season

AYADAW May 13

The statistics of Monywa District Agriculture Department stated that a total of 16,844 acres of peanuts have been harvested in Ayadaw Township in Monywa District of Sagaing Region.

During this year's winter crop season in Ayadaw Township, peanut cultivation reached up to 16,844 acres. Harvesting of these peanut fields began in December 2024, and as of today, 100 percent of the acreage has been harvested. It is reported that the yield reached 55.98 baskets per acre.

In Ayadaw Township, it is learned that peanut cultivation requires 1.5 baskets of seeds per acre, with costs exceeding Ks-200,000 per acre—including seed costs, labour, fertilizer, and pesticide expenses. The yield per acre typically exceeds 50 baskets.

To ensure the success of peanut cultivation in Ayadaw Township—preventing pest and disease outbreaks and maintaining weed-free fields—staff from the township Department of Agriculture conducted field inspections and recorded monitoring reports.**SK**

# Russia still supplies nuclear fuel to US - Putin



MOSCOW May 13

Russia still supplies nuclear fuel to the United States, the US acts pragmatically and Russia should do the same, Russian President Vladimir Putin said on Tuesday.

"The United States, despite everything, acts very pragmatically, they do not forget themselves. We still supply nuclear fuel to the United States ... But that's just the way it is. Why? Because it's profitable. And this is good for them. And they have such a significant economic growth, quite decent for them. It is not 4.3 percent, but still very decent," Putin said at a meeting with members of the Business Russia organization.

**Sputnik**

# Netanyahu says Israel to enter Gaza with full force in coming days

JERUSALEM May 13

Israeli Prime Minister Benjamin Netanyahu has said that in the coming days, the Israeli army will enter Gaza "with full force to complete the move and defeat Hamas," according to a statement issued by his office on Tuesday.

Speaking to wounded reserve soldiers on Monday, Netanyahu said, "With your spirit, we are going to a total victory. Eliminating Hamas and releasing all our hostages, it works together."

He added, "Hamas may say, 'That's it, we want to release 10 more hostages.' Okay, bring them. We'll take them, and then we'll enter, but there will be no way we will stop the war. We can make a ceasefire for a certain period, but we're going to the end."

He noted that Israel has put together an administration that will allow Gaza residents to leave, "but the problem is that we need countries that absorb them, and that's what we're working on right now."

The statement added that the prime minister estimated "over 50 percent will leave" if given the option.

**Xinhua**

# Kremlin issues update on proposed Ukraine peace talks

MOSCOW May 13

Russia is ready to resume direct peace talks with Ukraine, Kremlin spokesman Dmitry Peskov has reiterated, stressing Moscow's "serious" commitment to reaching a lasting settlement of the conflict.

On Sunday, Russian President Vladimir Putin offered Ukraine the opportunity to restart direct negotiations without any preconditions in Istanbul, Türkiye, which Kiev unilaterally walked away from in 2022.

However, Ukraine, backed by several European nations, has demanded that Russia agree to a ceasefire first as a precondition for talks. After US President Donald Trump urged Kiev to "immediately" agree to the proposal for direct unconditional talks, Ukraine's Vladimir Zelensky said he would be waiting for Putin in Türkiye on Thursday "personally." Nevertheless, he maintained that Kiev awaits "a full and lasting ceasefire, starting from tomorrow [Monday], to provide the necessary basis for diplomacy."

Asked about the progress in the Ukraine peace process, Peskov told reporters on Monday that Moscow remains committed to "resuming direct talks in Istanbul without any preconditions."

Moscow's approach is aimed at "finding a genuine diplomatic resolution to the Ukrainian crisis, addressing the root causes of the conflict, and achieving a lasting peace," Peskov said. He added that Putin's proposal had received support from "leaders of many countries," including those in several former Soviet republics and BRICS members.

**RT**

# Duterte wins mayoral election despite being jailed in The Hague

MANILA May 13

Former Philippines President Rodrigo Duterte has won a mayoral race in his home city, according to unofficial election results released on Tuesday. The apparent win comes even as he remains in custody at the International Criminal Court (ICC) in The Hague, facing charges of crimes against humanity.

Duterte, 80, was arrested by Philippine authorities at Manila's international airport in March and flown to The Hague, where he is facing trial over his 'war on drugs' policy. Under Philippine law, candidates facing criminal charges may run for office unless convicted and all appeals have been exhausted.

Preliminary results showed Duterte had secured more than half a million votes in Davao City – nearly eight times more than his nearest rival. He served as the city's mayor for two decades before winning the presidency in 2016. Official results are expected within a week.

"Duterte landslide in Davao!" his youngest daughter Veronica posted on Facebook.

The "overwhelming" support Duterte received shows the public's "total rejection" of efforts to "attempt to stamp out" his legacy, his lawyer said, as quoted by ABS-CBN news agency.

Supporters reportedly chanted his name as early tallies were announced.

**RT**

# Military operation in Tripoli successfully completed - Libyan GNU's Defence Ministry



CAIRO May 13

The military operation in the Libyan capital Tripoli has been successfully completed, the defense ministry of the Libyan Government of National Unity (GNU) said.

"The ministry emphasizes that the military operation was successfully completed. It gave instructions to complete the plan in the area to ensure security and stability," the ministry said in a statement.

Earlier, Al Wasat newspaper reported, citing sources, that the head of the Libyan Presidential Council's security service, Abdelghani al-Kikli, had been killed in Tripoli, with gunfire being heard in a number of areas of the city.

The interior ministry of the Tripoli-based GNU called on residents of the capital to remain in their homes. Local ambulance service said six bodies were recovered near Abu Salim area after clashes subsided in the Libyan capital.

**Sputnik**

# 9 Malaysian police personnel killed in road accident



KUALA LUMPUR May 13

Nine police personnel belonging to the Federal Reserve Unit, which specializes in riot control, were killed in an accident on Tuesday, authorities said.

The nine police officers were killed on the spot and two others injured when the truck transporting them collided with a lorry in the state of Perak, Hilir Perak police chief Bakri Zainal Abidin said in a statement following the early morning crash.

The accident sparked a wave of condolences from the public, with Prime Minister Anwar Ibrahim joining other Malaysians in expressing his sympathy to the families of the diseased.

Anwar also called on the authorities to carry out a thorough investigation into the fatal accident and ensure that compensation is provided to the families of the victims.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# How does solar power work?




Solar power works by converting energy from the sun into power. There are two forms of energy generated from the sun for our use – electricity and heat.

Both are generated through the use of solar panels, which range in size from residential rooftops to 'solar farms' stretching over acres of rural land.

**Is solar power a clean energy source?**

Yes, solar power is a renewable and infinite energy source that creates no harmful greenhouse gas emissions – as long as the sun continues to shine, energy will be released.

The carbon footprint of solar panels is already quite small, as they last for over 25 years. Plus, the materials used in the panels are increasingly recycled, so the carbon footprint will continue to shrink.




**When was solar power discovered?**

Solar energy was used by humans as early as the 7th century B.C. when humans used sunlight to light fires by reflecting the sun's rays onto shiny objects. Later, in 3rd century B.C., the Greeks and Romans harnessed solar power with mirrors to light torches for religious ceremonies.

In 1839 and at the age of just 19, French physicist Edmond Becquerel discovered the photovoltaic (PV) effect while experimenting with a cell made of metal electrodes in a conducting solution. He noted that the cell produced more electricity when it was exposed to light – it was a photovoltaic cell.

In 1954 PV technology was born when Daryl Chapin, Calvin Fuller and Gerald Pearson developed the silicon PV cell at Bell Labs in 1954 – the first solar cell capable of absorbing and converting enough of the sun's energy into power to run everyday electrical equipment.

Today satellites, spacecraft orbiting Earth, are powered by solar energy.

**How exactly is electricity from solar energy produced?**

Solar panels are usually made from silicon, or another semiconductor material installed in a metal panel frame with a glass casing. When this material is exposed to photons of sunlight (very small packets of energy) it releases electrons and produces an electric charge.

This PV charge creates an electric current (specifically, direct current or DC), which is captured by the wiring in solar panels. This DC electricity is then converted to alternating current (AC) by an inverter. AC is the type of electrical current used when you plug appliances into normal wall sockets.

**What's the difference between solar PV panels and solar thermal panels?**

Solar PV panels generate electricity, as described above, while solar thermal panels generate heat. While the energy source is the same – the sun – the technology in each system is different.

Solar PV is based on the photovoltaic effect, by which a photon (the basic unit of light) impacts a semi-conductor surface like silicon and generates the release of an electron. Solar thermal is less sophisticated and simply the direct heating of water (or other fluids) by sunlight. For domestic use, solar thermal panels are also installed on a roof facing the sun, heating water stored in a hot water cylinder and so providing hot water and heating. On a larger scale, solar thermal can also be used in power stations.

**What are solar farms?**

Solar farms, also known as solar parks or solar fields, are large areas of land containing interconnected solar panels positioned together over many acres, to harvest large amounts of solar energy at the same time. Solar farms are designed for large-scale solar energy generation that feed directly into the grid, as opposed to individual solar panels that usually power a single home or building.

**Can solar power be generated on a cloudy day?**

Yes, it can – solar power only requires some level of daylight in order to harness the sun's energy. That said, the rate at which solar panels generate electricity does vary depending on the amount of direct sunlight and the quality, size, number and location of panels in use.

**Who are the largest producers of solar power worldwide?**

As of 2022, China is the largest producer of solar powered electricity generation in the world. The US comes in second, followed by Japan, Germany and India.

**How is more solar power being brought into our electricity systems?**

Both the UK and US governments are aiming to decarbonise their electricity systems by 2035, in which renewable energy sources like solar power are set to play a major part.

**Solar energy in the UK**

The UK's first transmission-connected solar farm was energised in May 2023. This was the first PV solar array to feed electricity directly into the UK's transmission network, allowing it to be transported over greater distances. Previously, UK solar farms were connected to the country's distribution networks – the lower-voltage regional grids that carry power from the high-voltage transmission network to homes and businesses.

Located near Bristol, this solar plant is expected to generate over 73,000 megawatt hours (MWh) annually – enough to power the equivalent of over 17,300 homes – and will displace 20,500 tons of $CO_2$ each year compared to traditional energy production.

The UK government's Powering up Britain report has reaffirmed its ambition for a five-fold increase in deployment of solar generation by 2035, with up to 70 gigawatt (GW) installed – enough to power around 20 million homes.

NG

## INNOVATION

## ရေစိုခံ၊ မီးလောင်ခံပြီး သံမဏိထက်ပိုမာတဲ့ သစ်သားတစ်မျိုး

ကျွန်တော်တို့သိထားတဲ့ သစ်သားဆိုတာက ရေစိုရင်ပွမယ်။ မီးလောင်ရင်ပြာဖြစ်မယ်။ ချိုးလိုက်ရင် ကျိုးသွားမယ်ပေါ့။ ဒါပေမဲ့ အခုထွက်ပေါ်လာတဲ့ သစ်သားတစ်မျိုးက ပြောရမယ်ဆိုရင် သစ်သားမဟုတ်တဲ့သစ်သားလို့ဆိုရမယ်ထင်ပါတယ်။

အမေရိကန်မှ ဇီဝနည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ InventWood က အပြင်ပန်းနဲ့ ထိတွေ့ကိုင်တွယ်မှုမှာ တကယ့်သစ်သားနဲ့တူပေမယ့်



သူ့ရဲ့ခိုင်ခံ့မှုနဲ့ တာရှည်ခံနိုင်မှုအပိုင်းမှာတော့ သံမဏိထက်ကို ပိုတဲ့ သစ်သားတစ်မျိုးကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ သူတို့က သာမန်သစ်သားကိုပဲ သူ့ရဲ့မူလပုံစံထက် ၁၀ ဆပိုမိုမာကျောတဲ့ သစ်သားအဖြစ်ပြောင်းလဲလိုက်တာပါ။ သူ့အတွက်နာမည်ကိုတော့ SuperWood လို့ပေးထားပါတယ်။

မီးလောင်ခံ၊ ရေစိုခံ၊ ကြွက်ကိုက်ခံတဲ့ အပြင် ပိုးကောင်တွေကိုက်မှုကိုခံနိုင်ရည်ရှိတဲ့ အိမ်ဆောက်ပစ္စည်းနည်းပညာကို ဖန်တီးသူက မာရီလန်းတက္ကသိုလ်မှ ပါရဂူဘွဲ့ရပညာရှင် လျန်ဘင်းဟူဦးဆောင်တဲ့ အဖွဲ့ဖြစ်ပါတယ်။

အခုလိုမျိုး သီးသန့်ဖြစ်တဲ့ပုံစံကိုရရှိဖို့အတွက် ပညာရှင်များက သစ်သားထဲမှာရှိတဲ့ တချို့သောအစိတ်အပိုင်းများစွာကို ဖယ်ထုတ်ပြီး တိကျမှုရှိတဲ့အခြေအနေတစ်ရပ်မှာ ဖိသိပ်လိုက်တာဖြစ်ပါတယ်။ အဲဒီကနေရရှိလာတဲ့သစ်သားက သူ့ရဲ့မူလအရည်အသွေးတွေဖြစ်တဲ့ နွေးထွေးမှု၊ ထိတွေ့နိုင်မှုပုံစံ၊ အလုပ်လုပ်နိုင်စွမ်းနဲ့ သဘာဝကျတဲ့ အလှအပတို့ကို ဆက်လက်ထိန်းသိမ်းပေးထားပေမယ့် စွမ်းဆောင်နိုင်စွမ်းကတော့ သစ်သားဆိုတာထက်ပိုသွားတာပါ။ အခုဆိုရင် InventWood ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၅ သန်း ရင်းနှီးမြှုပ်နှံပြီး SuperWood ထုတ်လုပ်မှုတွေကိုစတင်လုပ်ဆောင်နေပြီပဲဖြစ်ပါတယ်။ **Ref: RT**

**K.H**

## AI နည်းပညာသုံး ဘက်ထရီစွမ်းအင်ချွေတာမှု စနစ် ပါဝင်လာမယ့် Apple ရဲ့ iOS 19

အခုနောက်ပိုင်း Apple ရဲ့ ထုတ်ကုန်တွေကိုအသုံးပြုသူတွေအနေနဲ့ ဘက်ထရီရာခိုင်နှုန်း ဘယ်လောက်အထိကျန်သေးလဲဆိုတာက လူတိုင်းလိုလိုပြောလာနေကြတဲ့ကိစ္စတစ်ခုဖြစ်လာပါတယ်။ အထူးသဖြင့် iPhone ကိုအသုံးပြုသူတွေပေါ့။ ပြောရမယ်ဆိုရင် ဘက်ထရီနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်




နေရသူများအတွက် သတင်းကောင်းတစ်ခုတော့ ထွက်ပေါ်လို့လာပါပြီ။ ဒီသတင်းကောင်းကတော့ နောက်ထွက်ရှိမယ့် iOS 19 မှာ AI နည်းပညာအသုံးပြုထားတဲ့ ဘက်ထရီစွမ်းအင်ချွေတာမှုစနစ် ပါဝင်လာမယ်ဆိုတဲ့သတင်းပါပဲ။

ဒီလိုမျိုးသတင်းကောင်းကိုဆောင်ယူလာပေးတာကတော့ မီဒီယာတော်တော်များများဖြစ်ပါတယ်။ အဲဒီစနစ်မှာ ကိုယ့်အနေနဲ့ iPhone ကိုဘယ်လိုမျိုးအသုံးပြုနေတယ်ဆိုတဲ့ အမှန်တကယ်အသုံးပြုမှုပုံစံကို AI ကလေ့လာတွက်ချက်ပါမယ်။ ပြီးရင်ရရှိလာတဲ့အချက်အလက်တွေကို အခြေခံပြီး AI က ဘက်ထရီစွမ်းအင်သုံးစွဲမှုများတဲ့အပလီကေးရှင်းတွေကို ခန့်မှန်းကာကြိုတင်ချိန်ညှိမှုများလုပ်ပေးမှာဖြစ်တာကြောင့် ဒီလိုနည်းနဲ့ဘက်ထရီသက်တမ်းကို ပိုမိုရှည်ကြာစေမှာဖြစ်တယ်လို့ဆိုပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် စွမ်းအင်ချွေတာမှုအတွက် ကိုယ်တိုင်လုပ်ရမယ့်အစား AI ကိုခိုင်းလိုက်တာပါ။ သူ့ကိုစေခိုင်းလိုက်တာဖြစ်တဲ့အတွက် ကိုယ်ဖြစ်စေချင်တာထက်ပိုတဲ့ ရလဒ်မျိုးရရှိအောင် သူကစွမ်းဆောင်ပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် နောက်ကွယ်ကအပလီကေးရှင်းတွေကို အလုပ်မလုပ်ခိုင်းဘဲ စွမ်းအင်ချွေတာမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## MILITARY

## ကမ္ဘာပေါ်ရှိ ဘယ်ပစ်မှတ်ကိုမဆို မိနစ် ၃၀ အတွင်းထိမှန်မယ့် တရုတ်ရဲ့ အသံနှုန်းလွန်ဒုံးကျည်



အသံနှုန်းလွန်ဒုံးကျည်နည်းပညာတစ်ခေတ်ဆန်းသစ်လာချိန်မှာ တရုတ်နိုင်ငံကလည်း အသံနှုန်းလွန်ဒုံးကျည်အတွက် နောက်ထပ်အာမခံချက်တစ်ခုကိုပေးနိုင်ပြီဖြစ်ပါတယ်။ သူပေးတဲ့အာမခံချက်ကတော့ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ပစ်မှတ်ကိုမဆို မိနစ် ၃၀ အတွင်းရောက်ရှိထိမှန်စေမယ့် ဒုံးကျည်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။

အဲဒီဒုံးကျည်က အသံရဲ့အမြန်နှုန်းထက် အဆ ၂၀ ပိုမြန်တဲ့နှုန်းနဲ့သွားနိုင်မှာဖြစ်တယ်လို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးတပ်ဖွဲ့မှ သုတေသနပညာရှင်များကပြောပါတယ်။ ဒါ့အပြင် အဲဒီဒုံးကျည်ကိုအာကာသကနေပစ်လွှတ်နိုင်မှာဖြစ်တဲ့အတွက် ရန်သူရဲ့ဘယ်လိုမျိုးကြိုတင်သတိပေးစနစ်ကမှ အလုပ်ဖြစ်မှာမဟုတ်ပေမယ့် သူတို့မှာအားနည်းချက်ရှိနေသေးတယ်လို့ ထုတ်ပြန်ထားတာတွေ့ရပါတယ်။ **Ref: IE**

**K.H**

## ရဟတ်ယာဉ်မှလွှတ်နိုင်တဲ့ လှိုင်းဖျက်၊ ထောက်လှမ်း၊ တိုက်ခိုက်ရေးဒရုန်း




ဗြိတိန်တော်ဝင်လေတပ်က ရဟတ်ယာဉ်ပေါ်ကနေ ဒရုန်းတစ်မျိုးကိုလွှတ်လိုက်တဲ့ဗီဒီယိုတစ်ခုက အင်တာနက်ပေါ်တက်လာပါတယ်။ အဲဒီဗီဒီယိုတက်လာခြင်းက ခေတ်သစ်ဒရုန်းစစ်ပွဲမှာ ကဏ္ဍသစ်တစ်ခုကိုဖွင့်လှစ်လိုက်တာနဲ့အတူတူပါပဲ။

သူတို့က FPV ဒရုန်းတွေကို CH-47 Chinook ရဟတ်ယာဉ်ပေါ်ကနေလွှတ်လိုက်တာပါ။ အဲဒီဒရုန်းတွေက လှိုင်းနှုန်းတွေကိုဖိဖျက်နိုင်တယ်။ ထောက်လှမ်းရေးလည်းလုပ်နိုင်မယ်။ နောက်ဆုံးမှာတိုက်ခိုက်ရေးကိုပါလုပ်ဆောင်နိုင်မယ့် ဒရုန်းတွေဖြစ်ပါတယ်။ အခုလိုရဟတ်ယာဉ်ကို အသုံးပြုခြင်းကြောင့် ဒရုန်းအစင်းရေများစွာကို တစ်ပြိုင်နက်တည်းလွှတ်နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များထုတ်လုပ်ဖို့ DeepSeek ကိုအသုံးပြုထား



အင်ဂျင်နီယာပညာဆိုတာ မလွယ်ကူတဲ့ပညာရပ်တစ်ခုပါ။ ဒီလိုမျိုး မလွယ်ကူတဲ့ပညာရပ်ကိုပဲ လွယ်ကူအောင်လုပ်ဆောင်ပြီး အဆင့်မြင့်တိုက်လေယာဉ်များထုတ်လုပ်ဖို့အထိလုပ်ဆောင်လာနေတာက တရုတ်အင်ဂျင်နီယာများဖြစ်ပါတယ်။ သူတို့က ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များကို ထည်ဆောက်ဖို့ရာအတွက် AI နည်းပညာကို သုံးခဲ့တယ်လို့ အတိအလင်းပြောထားပါတယ်။ အဲဒါကတော့ DeepSeek လို့ခေါ်တဲ့ AI ကိုပါပဲ။

တကယ်တမ်းမှာ တရုတ်ပညာရှင်များက DeepSeek ချည်းသက်သက်ကို အသုံးပြုထားတာမဟုတ်ပါဘူး။ သူတို့သိရှိထားတဲ့အသိပညာနဲ့ AI ကိုပေါင်းစပ်ပြီး အကောင်းဆုံးသောရလဒ်ရရှိအောင် လုပ်ဆောင်ထားကြတာဖြစ်ပါတယ်။ အဓိကကတော့ သုတေသနအတွက်သာ သုံးထားတာပါ။ **Ref: IE**

**K.H**

# တရုတ်ရေတပ်က ရေယာဉ်၏ကိုယ်ပျောက်စွမ်းရည်တိုးစေမည့် လေ့ကျင့်ခန်းကို AI အသုံးပြုဆောင်ရွက်

**ပေကျင်း၊ စစ်ရေး**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ရေတပ်က ၎င်းတို့၏စစ်ရေယာဉ်များတွင် ကိုယ်ပျောက်စွမ်းရည်တိုးစေမည့်လေ့ကျင့်ခန်းကို AI အသုံးပြု၍မေလ ၁၂ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါလေ့ကျင့်ခန်း၌ စစ်ရေယာဉ်၏သံလိုက်အားဝင်မှုကို ပပျောက်အောင်လုပ်ဆောင်ရာတွင် AI နည်းပညာအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ရေတပ်၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ယင်းနည်းပညာကိုအသုံးပြုပြီးနောက် စစ်ရေယာဉ်အနေဖြင့် ရေဒါစက်ကွင်းမှ ကင်းလွတ်စေနိုင်သည့်အတွက် ၎င်း၏ကိုယ်ပျောက်စွမ်းရည်ကို ၆၀ ရာခိုင်နှုန်းပိုမိုမြင့်တက်လာစေကြောင်း တွေ့ရှိရသည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

လေ့ကျင့်ခန်း၌အသုံးပြုသော AI စနစ်များသည် သံလိုက်လှိုင်းဖမ်းကိရိယာများ၊ ပတ်ဝန်းကျင်ဆိုင်ရာအာရုံခံကိရိယာများမှအချက်အလက်များကိုရယူ၍ ရေပြင်အပူချိန်၊ ရေယာဉ်အမြန်နှုန်းနှင့် အခြားသောပြောင်းလဲနေသည့်အချက်အလက်များအပေါ်အခြေခံကာ သံလိုက်အားဝင်မှုပပျောက်အောင်လုပ်ဆောင်သည့် ကွိုင်များတွင် လျှပ်စစ်စွမ်းအင်စီးဆင်းမှုကို အလိုအလျောက်ကိုက်ညှိပေးခြင်းဖြစ်သည်။

ထိုလေ့ကျင့်ခန်းကို မြောက်ပိုင်းစစ်နယ်ဝန်း၏ရေတပ်စခန်းဌာနချုပ်၌လုပ်ဆောင်ခြင်းဖြစ်သည်ဟု နိုင်ငံပိုင်သတင်းဌာနတစ်ခုဖြစ်သည့် CCTV သတင်းဌာနကဖော်ပြထားကြောင်းသိရသည်။

Ref: SCMP



# စီးပွားရေးသဘောတူညီချက်များအတွက် ဆော်ဒီအာရေဗျသို့ အမေရိကန်သမ္မတရောက်ရှိ

**ရီယတ်၊ ဆက်ဆံရေး**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နှစ်နိုင်ငံကြားစီးပွားရေးသဘောတူညီချက်များအတွက် ၎င်း၏ဒုတိယသက်တမ်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် မေလ ၁၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ရောက်ရှိလာပြီဖြစ်ကြောင်းသိရသည်။

ဒေါ်နယ်ထရမ့်သည် ၎င်း၏ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ပင်လယ်ကွေ့နိုင်ငံများသို့ လေးရက်ကြာခရီးသွားရောက်ခြင်းဖြစ်ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ပထမဆုံးရောက်ရှိခြင်းဖြစ်သည်။ ယင်းနောက်တွင် ၎င်းသည် ကာတာနှင့်ယူအေအီးနိုင်ငံတို့သို့ဆက်သွားမည်ဖြစ်သည်။

ဒေါ်နယ်ထရမ့်အနေဖြင့် ရီယတ်မြို့၌ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့တက်ပြီး မိန့်ခွန်းပြောရန်စီစဉ်ထားသည်။ ၎င်းနှင့်အတူ အီလွန်မတ်အပါအဝင် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားသည်။

ထရမ့်က ၎င်း၏ပထမဆုံးခရီးစဉ်အဖြစ် ပင်လယ်ကွေ့နိုင်ငံများကိုရွေးချယ်ခြင်းသည် ဒေသတွင်း၌ ယင်းနိုင်ငံများ၏ပထဝီနိုင်ငံရေးအခန်းကဏ္ဍ၌ အရေးပါလာမှုကိုဖော်ပြနေကြောင်းသိရသည်။ Ref: SCMP

# ဒါဗာအိုမြို့တော်ဝန်အဖြစ် ဒူတာတေရွေးကောက်ခံရ

**မနီလာ၊ ပြည်တွင်းရေး**

ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂိုဒူတာတေသည် ICC ၌ထိန်းသိမ်းခံထားရသော်လည်း ၎င်း၏မွေးရပ်မြေဖြစ်သည့် ဒါဗာအိုမြို့၌ မြို့တော်ဝန်အဖြစ်ရွေးကောက်ခံရကြောင်း ရွေးကောက်ပွဲဘုတ်အဖွဲ့က မေလ ၁၃ ရက်တွင်ထုတ်ပြန်ထားသည်။

ဒူတာတေသည် ၎င်း၏ပြိုင်ဘက်ထက်ထောက်ခံမဲရှစ်ဆကျော်ရရှိပြီး မြို့တော်ဝန်အဖြစ်ရွေးကောက်ခံရခြင်းဖြစ်သည်။ အလားတူ လက်ရှိမြို့တော်ဝန်အဖြစ်တာဝန်ယူနေသည့် ဒူတာတေ၏အငယ်ဆုံးသား ဆီဘက်ရှန်က ဒုတိယမြို့တော်ဝန်ဖြစ်လာသည်။

ဒူတာတေ၏သမီးဖြစ်သည့် လက်ရှိဒုတိယသမ္မတ ဆာရာဒူတာတေက ၂၀၂၈ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။ Ref: TOI

## သတင်းတိုကဏ္ဍ

### ဥရောပသမဂ္ဂက အခြားနိုင်ငံများထက်အန္တရာယ်ရှိဟု ဒေါ်နယ်ထရမ့်ပြော

ဥရောပသမဂ္ဂသည် အမေရိကန်နိုင်ငံ၏ပြိုင်ဘက်ဖြစ်သော အခြားနိုင်ငံများထက် ကုန်သွယ်ရေးဓလေ့တွင်အန္တရာယ်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေလ ၁၂ ရက်တွင်ပြောသည်။

ဥရောပသမဂ္ဂအနေဖြင့် အမေရိကန်အပေါ် မျှတစွာဆက်ဆံမှုမရှိကြောင်း၊ ၎င်းတို့က အမေရိကန်သို့ ကားအစီးရေ ၁၃ သန်းတင်သွင်းရောင်းချသော်လည်း အမေရိကန်က ဥရောပသို့တစ်စီးမျှပင်မရောင်းရကြောင်း၊ အလားတူ စိုက်ပျိုးရေးထုတ်ကုန်များကုန်သွယ်မှုတွင်လည်း ယင်းကဲ့သို့ပင်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

အမေရိကန်သည် ယင်းသို့သောအခြေအနေနှင့်ရင်ဆိုင်နေရသည့်တိုင် ဥရောပသမဂ္ဂက အမေရိကန်အပေါ် အပြစ်တင်မှုများလုပ်ဆောင်နေသေးကြောင်း ၎င်းကဆက်ပြောသည်။

ထရမ့်သည် ဥရောပသမဂ္ဂမှသွင်းကုန်များအပေါ် အခွန် ၂၀ ရာခိုင်နှုန်းနှင့် မော်တော်ကားများအပေါ် ၂၅ ရာခိုင်နှုန်းအထိ ကောက်ခံသွားမည်ဖြစ်သည်။ Ref: RT

### ဂါဇာမျိုးဆက်များအနေဖြင့် အငတ်ဘေး၏အကျိုးဆက်ကို အမြဲတမ်းရင်ဆိုင်ရတော့မည်ဟု WHO သတိပေး

ဂါဇာဒေသရှိမျိုးဆက်သစ်လူငယ်များအနေဖြင့် အငတ်ဘေး၏အကျိုးဆက်ကို အမြဲတမ်းရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ကသတိပေးထားသည်။

ဂါဇာဒေသ၌ အငတ်ဘေး၏အကျိုးဆက်ဖြစ်သော အာဟာရချို့တဲ့မှုနှုန်းမှာ မြန်ဆန်စွာမြင့်တက်လာလျက်ရှိကြောင်း၊ ဆေးခန်းလာပြသည့်ကလေးငယ်များကို ကြည့်မည်ဆိုလျှင် ၎င်းတို့၏အရွယ်က လက်ရှိအသက်ထက် ပိုမိုသေးကွေးနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် အာဟာရပြည့်ဝမှုရှိသော အစားအစာ၊ ရေသန့်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်ပြည့်ဝဝမရရှိပါက မျိုးဆက်တစ်ခုလုံးအပေါ် သက်ရောက်မှုရှိစေမည်ဟု ၎င်းကဆိုသည်။

အစ္စရေးအစိုးရသည် မတ်လအစောပိုင်းမှစ၍ ဂါဇာဒေသကိုပိတ်ဆို့ထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ဝင်ခွင့်မပြုကြောင်း ဂါဇာမှတာဝန်ရှိသူများကပြောထားသည်။ Ref: TST

### ရုရှားက ယူကရိန်းနှင့်အစ္စတန်ဘူဆွေးနွေးပွဲအတွက် ဆက်လက်ပြင်ဆင်နေဆဲဖြစ်ဟုဆို

ရုရှားအစိုးရအနေဖြင့် ယူကရိန်းနှင့် အစ္စတန်ဘူဆွေးနွေးပွဲလုပ်ဆောင်ရန် ဆက်လက်ပြင်ဆင်နေဆဲဖြစ်ကြောင်း ရုရှားသမ္မတရုံးကထုတ်ပြန်ထားသည်။

ယူကရိန်းနှင့်ဆွေးနွေးမှုကို မေလ ၁၅ ရက်တွင် အစ္စတန်ဘူမြို့၌လုပ်ဆောင်ရန် ရုရှားအစိုးရကအဆိုပြုထားပြီး ဆွေးနွေးပွဲသို့တက်ရောက်မည့်သူများကို ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က မေလ ၁၃ ရက်တွင်ပြောသည်။

လက်ရှိအခြေအနေတွင် ဥရောပသည် ယူကရိန်းဘက်မှပါကာ ရုရှားအစိုးရစီစဉ်သည့်ဆွေးနွေးပွဲမှာ ဘက်လိုက်မှုရှိမည်ဟု ယူဆထားကြောင်း၊ ၎င်းတို့အနေဖြင့် ယူကရိန်းကိုချဉ်းကပ်မှုသည် ပဋိပက္ခဆက်လက်ဖြစ်ပွားစေရန်ဖြစ်ကြောင်း ပက်စကော့ကပြောသည်။ ယူကရိန်းသမ္မတကမူ ၎င်းအနေဖြင့် ရုရှားသမ္မတမှလွဲ၍ မည်သူနှင့်မျှတွေ့ဆုံမည်မဟုတ်ကြောင်း ပြောထားသည်ဟုသိရသည်။ Ref: Sputnik

### တောင်ကိုရီးယားမရိန်းတပ်ဖွဲ့က ဂျပန်ကြည်းတပ်နှင့် ပထမဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မည်

တောင်ကိုရီးယားမရိန်းတပ်ဖွဲ့သည် ဂျပန်ကြည်းတပ်နှင့်ပထမဆုံးပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမည့်လတွင်ဖိလစ်ပိုင်နိုင်ငံ၌လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်ခန်းကို ဖိလစ်ပိုင်နိုင်ငံ၌ဆောင်ရွက်မည့် KAMANDAG စစ်ရေးလေ့ကျင့်ခန်းတွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျပန်သတင်းဌာနများကဖော်ပြထားသည်။

KAMANDAG စစ်ရေးလေ့ကျင့်ခန်းက နိုင်ငံပေါင်းစုံပါဝင်သည့် စစ်ရေးလေ့ကျင့်ခန်းတစ်ခုဖြစ်ပြီး ယင်းလေ့ကျင့်ခန်း၌ တောင်ကိုရီးယားမရိန်းတပ်ဖွဲ့နှင့် ဂျပန်ကိုယ့်ကိုယ်ကိုကာကွယ်ရေးကြည်းတပ်တို့က ပါဝင်မည်ဖြစ်သော်လည်း ယခုကဲ့သို့ နှစ်ဖက်တပ်များကြားပူးတွဲစစ်ရေးလေ့ကျင့်ခြင်းမှာ ပထမဆုံးဖြစ်သည်။

တောင်ကိုရီးယားမရိန်းတပ်ဖွဲ့နှင့်ဂျပန်ကြည်းတပ်တို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်ခန်းလုပ်ခြင်းသည် တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန်နိုင်ငံတို့ကြား ပြီးခဲ့သည့်နှစ်တွင် လက်မှတ်ထိုးခဲ့သည့် သုံးနိုင်ငံသဘောတူညီချက်အရလုပ်ဆောင်ခြင်းဖြစ်သည်။ Ref: Yonhap

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဝန်ထမ်း သား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်



နေပြည်တော် မေ ၁၃

၂၀၂၅ ခုနှစ် ဇွန်လအတွင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား၊သမီး Grade-12 ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိရုံးအမှတ်-၃၃ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသား၊သမီးများထဲမှပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူ ၂၈ ဦးအနေဖြင့် ပြန်လည်ဖြေဆိုရန် အထူးကြိုးစားနေကြောင်း ကြားသိရသဖြင့် အထူးဝမ်းမြောက်မိကြောင်း၊ ယခင်ဖြေဆိုခဲ့မှုတွင် အားရမှုရှိခဲ့သော ဘာသာရပ်အတွက် အမှတ်ပိုမိုရရှိနိုင်ရေးနှင့် အားနည်းမှုရှိခဲ့သော ဘာသာရပ်ရှိခဲ့ပါကလည်း ယခုရရှိသည့် အခွင့်အရေးကို အပြည့်အဝအသုံးချ၍ ကောင်းမွန်စွာပြန်လည်ဖြေဆိုသွားစေလိုကြောင်း၊ ကျောင်းသားမိဘများအနေဖြင့်လည်း စာမေးပွဲထပ်မံဖြေဆိုမည့် သား၊ သမီးများကို ဖြည့်ဆည်းအားပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ဇွန်လအတွင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား၊ သမီး Grade-12 ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးကိုထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်သည့် ဦးမင်းမင်း၊ ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် Grade-12ပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် အုတ်တွင်းတပ်နယ်အသင်းက ဒိုင်းဆုရရှိ

နေပြည်တော် မေ ၁၃

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ်အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း(၉)သင်းနှင့် အမျိုးသမီးအသင်း(၉)သင်းတို့ဖြင့် မေလ ၅ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဒိုင်းဆုရရှိသောအုတ်တွင်းတပ်နယ်အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

# သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများဖြစ်ပွားလာပါက ထိရောက်စွာ ထိန်းချုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ထားရမည်



နေပြည်တော် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ Semi-virtual စနစ်ဖြင့် ကျင်းပသည့် မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသော ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေများအတွက်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မကြာမီတွင် မိုးရာသီကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ငလျင်ကြီးကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများဖြစ်ပေါ်နိုင်သည်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများဖြစ်ပွားလာပါက ထိရောက်စွာထိန်းချုပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းအဝဝကို စောစီးစွာဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊

ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိကာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ရေ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ၊ ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ၊ ပိုးလောက်လမ်းနှိမ်နင်းခြင်း လုပ်ငန်းများ၊ ယာယီစခန်းစီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုရှိပါက ထိရောက်စွာကုသမှုပေးရေးနှင့် ဆေးနှင့်ဆေးပစ္စည်းများကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုများကို ဆက်လက်အားဖြည့်ကာ အလေးပေးဆောင်ရွက်ကြစေလိုကြောင်း၊

ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်နှင့်အရေးပေါ် အခြေအနေများတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိခြင်းနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်၍ သဏ္ဌာန်တူလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကိုမှာကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့်ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာကျန်းမာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အကြံပြုတင်ပြချက်များကို တင်ပြဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုကို ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်ဦးကျော်ဆန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းသို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့်ကနူး/ ကယက်လှေတို့ ယှဉ်ပြိုင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေး၍ နည်းပြများအား အစွမ်းကုန် အားထည့်သင်ပြကြပ်မတ်ပေးရန်၊ စံချိန်စံနှုန်းများကောင်းမွန်ပြီး ဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံသို့ရောက်ရှိပြီး စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားသမားများ၊ နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားအောင်မြင်မှုများရရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံးကြိုးစားအားထုတ်ကြရန် မှာကြားကာ ပဏာမလက်ရွေးစင်ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုကိုကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ရှိ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးရုံပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေသည့် ပိုက်ကျော်ခြင်း အားကစားရုံ၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဘိလိယက်နှင့်စနူကာ အားကစားသမားများလေ့ကျင့်နေမှု၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင်အားကစားသမားများလေ့ကျင့်ပစ်ခတ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မိသားစုအပိုဝင်ငွေတိုးစေဖို့ ခရမ်းစိုက်ပျိုးကြပါစို့

**စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံအနေဖြင့် မိသားစုအပိုဝင်ငွေ အတွက်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း သီးပင်စားပင်များကို စိုက်ပျိုးသင့်သည်။ ထိုအခါ အခြားမှ ဝယ်ယူမစားရသဖြင့် ငွေကုန်သက်သာသလို ပိုလျှံသည်များကို ရောင်းချခြင်းအားဖြင့် အပိုဝင်ငွေကို ရရှိစေသည်။ ခရမ်းသီးသည် ကျန်းမာရေးကိုလည်း အကျိုးပြုသည်။ မိသားစုအတွက် အပိုဝင်ငွေကိုလည်းရရှိစေသည်။**

ကိုကျော်စွာ(ကျိုက်ပိ)

ခရမ်းပင်သည် ဟင်းသီးဟင်းရွက်အုပ်စုတွင် ပါဝင်သည်။ဟင်းသီးဟင်းရွက်ကို လူတို့နေ့စဉ်စားသုံးနေကြရသည်။ ထို့ကြောင့်ဟင်းသီးဟင်းရွက်သည် လူတို့၏နေ့စဉ်သုံးအစားအစာများဖြစ်သည်။ မြန်မာနိုင်ငံတွင်ဟင်းသီးဟင်းရွက်သည် မြို့ပြနှင့်ကျေးလက်ပါမကျန် နှစ်သက်စွာစားသုံးနေကြသည်။ ဟင်းသီးဟင်းရွက်များကို အမျိုးမျိုးပြုလုပ်၍စားသုံးကြသည်။ ထိုဟင်းသီးဟင်းရွက်များတွင် ခရမ်းသီးလည်းပါဝင်သည်။ ခရမ်းသီးသည် အာဟာရဓာတ်အမျိုးမျိုးပါဝင်သည့်အပြင် ဆေးဖက်လည်းဝင်သည်။ မြန်မာလူမျိုးတို့အတွက် ထမင်းမြိန်စေသောအသီးဟင်းလျာတစ်မျိုးလည်းဖြစ်သည်။ ခရမ်းသီးကို နှပ်စားကြသည်။ အခြားသီးနှံများဖြင့်လည်း ရောနှောစားကြသည်။ ခရမ်းသီးကိုပါးပါးလှီးပြီး အသားတစ်မျိုးမျိုးညှပ်ကာကြော်စားလေ့လည်းရှိကြသည်။ ပြုတ်ပြီးတို့စားလေ့လည်းရှိသည်။ ခရမ်းသီးကိုအများအားဖြင့် ကျေးလက်ဒေသများတွင် မိသားစုအပိုဝင်ငွေရရှိအောင်တစ်နိုင်စိုက်ပျိုးကြသလို တချို့ဒေသများတွင် စီးပွားဖြစ်လည်းစိုက်ပျိုးကြသည်။



## မူရင်းဒေသနှင့်ခရမ်းမျိုးများ

ခရမ်းပင်၏မူရင်းဒေသမှာ အိန္ဒိယနိုင်ငံဖြစ်သည်။ မြန်မာအမည်တွင်ခရမ်းသီးဖြစ်ပြီး အင်္ဂလိပ်အမည်တွင် Egg Plant (or) Brinjal ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Solanum Melongena ဖြစ်ပြီး မျိုးရင်းအမည်တွင် Solanaceae ဖြစ်သည်။ မြန်မာနိုင်ငံတွင်ခရမ်းအမျိုးအစားသုံးမျိုးရှိသည်။ ယင်းမှာပင်ထောင်(Upright)မျိုး၊ ပင်ပြန့်(Spread Type)မျိုးနှင့် တစ်ဝက်ပြန့်(Semi-Spread)မျိုးတို့ဖြစ်သည်။ ပင်ပြန့်မျိုးသည် သက်လျင်မျိုးများဖြစ်ပြီး ပင်ထောင်မျိုးများသည် သက်ကြီးမျိုးများဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရမ်းသီးကို အမျိုးအစားအားဖြင့် ခရမ်းရောင်ရှိသောခရမ်းရှည်သီး၊ အဖြူရောင်ရှိသော ဆင်စွယ်ခရမ်း၊ အဖြူရောင်နှင့်ခရမ်းရောင်ရှိသော ခရမ်းကြွပ်သီး၊ ခရမ်းခါး၊ ခရမ်းကစော့သီး၊ ခရမ်းခေါင်းသီး၊ အစုလိုက်အပြုံလိုက်သီးသည့် ခရမ်းပဒေသာသီးနှင့် ထောပတ်ခရမ်းဟူ၍ အမျိုးမျိုးရှိသည်။ ဒေသအလိုက်ခေါ်ဝေါ်သည့်အခေါ်အဝေါ်များလည်းရှိနိုင်သေးသည်။ အများအားဖြင့် ခရမ်းကိုအရှည်မျိုးနှင့် အဝိုင်းမျိုးသာ အကြမ်းအားဖြင့်သတ်မှတ်ထားသည်။ အရှည်မျိုးမှာ အလုံးသေးမျိုးနှင့်အလုံးကြီးမျိုးဟူ၍လည်းကောင်း၊ အဝိုင်းမျိုးမှာလည်း အဝိုင်းအလုံးကြီးမျိုးနှင့် အဝိုင်းအလုံးသေးမျိုးဟူ၍လည်းကောင်း ခွဲထားသည်။ အရောင်အားဖြင့်မူ ခရမ်းရောင်၊ အဖြူရောင်နှင့် အစိမ်းရောင်တို့ရှိကြသည်။

## ခရမ်းစိုက်ပျိုးသင့်သည့်မြေနှင့်စိုက်နည်းစနစ်

ခရမ်းပင်စိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးသူများအနေဖြင့် သိထားသင့်သည့် စိုက်ပျိုးရေးနည်းစနစ်များကိုတင်ပြလိုသည်။ ခရမ်းပင်ကို မြန်မာနိုင်ငံတောင်ပေါ်ဒေသမှလွဲ၍ ကျန်ဒေသများတွင်စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ ခရမ်းပင်သည် ရေသွင်းရေထုတ်လွယ်ကူပြီး မြေဆီသြဇာကြွယ်ဝသော သဲနုန်းမြေကို ကြိုက်နှစ်သက်သည်။ အာဟာရဓာတ်ကို အလွန်နှစ်သက်သောအပင်မျိုးဖြစ်သဖြင့် အထူးသဖြင့် မြေသြဇာကောင်းသော မြေမျိုးဖြစ်ရန်လိုသည်။ မြေချဉ်ငန်ကိန်းတွင်၅ ဒသမ ၅ မှ ၆ ဒသမ ၅ အတွင်းဖြစ်ရမည်။ ခရမ်းပင်ကြိုက်နှစ်သက်သောရာသီဥတုတွင်အပူချိန်အားဖြင့် ၁၃ ဒီဂရီစင်တီဂရိတ်မှ ၂၁ ဒီဂရီစင်တီဂရိတ်သည် အကောင်းဆုံးဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးလိုသူများအနေဖြင့် တစ်ဧကလျှင် မျိုးစေ့ ၃၀ ကျပ်သားနှုန်းစိုက်ပျိုးရသည်။ ခရမ်းကို မစိုက်ပျိုးခင် မြေပြင်ဖို့လိုသည်။ မြေပြင်ရာတွင် ထယ်သုံးစပ်မှလေးစပ်ထိုး၍ ထွန်ရေးညက်အောင် ထွန်ပေးရသည်။ ခရမ်းပင်ကိုပျိုးထောင်စိုက်ပျိုးသည်က များသည်။ စာရေးသူတို့ဒေသမှာလည်း ပျိုးထောင်စိုက်ပျိုးကြသည်။ ပျိုးထောင်ရာတွင် မြေဆွေး၊ နွားချေးဆွေး၊ သစ်ရွက်ဆွေးတို့ဖြင့် ၃ ပေအကျယ်၊ အရှည်ပေ ၃၀ ပျိုးပေါင်ပြုလုပ်ကာ မျိုးစေ့များကို တစ်တန်းနှင့်တစ်တန်း ၄ ပေခန့်ခြားကာ အစေ့ချပျိုးထောင်ရသည်။ ပြီးလျှင် ကောက်ရိုးပါးပါးအုပ်ပေးပြီး ရေပန်းကရားဖြင့်ရေပါးပါးလောင်းပေးရသည်၊ ကောက်ရိုးအုပ်ပေးခြင်းသည် အစိုဓာတ်ရရှိစေရန်နှင့်အစိုဓာတ်ကိုထိန်းပေးနိုင်စေရန်ဖြစ်သည်။ အပင်ပေါက်လာပါက မဖွံ့ထွားသောအပင် သို့မဟုတ် လှီသောအပင်များကိုနုတ်ပေးရသည်။ ပျိုးထောင်ပြီး အပင်ပေါက်ကာ ပျိုးပင်အရွက်ငါးရွက်ခန့်ရရှိလာလျှင် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရာတွင် ပင်ကြား၂ ပေ၊ တန်းကြား ၃ ပေ သို့မဟုတ် ၄ ပေခြား စိုက်ပျိုးနိုင်သည်။ ကျင်းတူး၍စိုက်ပျိုးလေ့ရှိသည်။ ရွှေ့ပြောင်းစိုက်ပျိုးရာတွင် သတိပြုရမည့်အချက်တွင် ပျိုးပင်များကို နုတ်ယူရာတွင် ညနေခင်းမှနုတ်ယူရမည်။ နုတ်ယူပြီးပျိုးပင်များကို မြေချစိုက်ပျိုးရာတွင် အမြစ်ဖြောင့်တန်းအောင်ချစိုက်ရမည်။ စိုက်ပျိုးချိန်၌ အစိုဓာတ်လုံလောက်စွာရရှိရမည်။ ခြောက်သွေ့သောဒေသဖြစ်ပါက စိုက်ပျိုးပြီးအပင်ငယ်များ နေပူဒဏ်ကာကွယ်ရန် စီမံပေးရမည်။ တချို့က သစ်ကိုင်းများအုပ်ပေးခြင်း၊ အလင်းဖောက်မိုးကာများမိုးပေးခြင်းပြုလုပ်ကြသည်။ ပျိုးပင်များအမြစ်စွဲသွားမှ အကာအကွယ်များကိုဖယ်ပေးရမည်။ တချို့က မြေဧရိယာမရှိသဖြင့် မိသားစုတစ်နိုင်စားသုံးနိုင်ရန် အိုးများဖြင့်စိုက်ပျိုးကြသည်။

## အပင်ပြုစုခြင်းနှင့်မြေသြဇာကျွေးခြင်း

စိုက်ပျိုးပြီးခရမ်းပင်များကို အပင်ပြုစုခြင်း၊ မြေသြဇာကျွေးခြင်းတို့ကို ပြုလုပ်ပေးရသည်။ အချိန်မှန်ပေါင်းရှင်းခြင်း၊ မိုးခရမ်းဖြစ်ပါက စိုက်ခင်းကို ရေမဝပ်စေရန်ပြုလုပ်ပေးရမည်။ မြေတောင်မြှောက်ပေးခြင်းတို့ပြုလုပ်ပေးရမည်။ ဆောင်းစိုက်ခင်းဖြစ်ပါက အစိုဓာတ်ကိုထိန်းပေးနိုင်စေရန် ကောက်ရိုး၊ မြက်ခြောက်များအုပ်ပေးခြင်း၊ မြေတောင်မြှောက်ချိန်တွင် ယူရီးယားမြေသြဇာကိုထပ်မံထည့်သွင်းပေးရသည်။ မြေသြဇာအနေဖြင့် တစ်ဧကလျှင် သဘာဝမြေသြဇာဖြစ်သည့်နွားချေး ၁၀ တန်၊ ဓာတ်မြေသြဇာအနေဖြင့် ယူရီးယား ၅၀ ကီလို နှစ်အိတ်၊ ပိုတက် ၅၀ ကီလို နှစ်အိတ်ကျွေးပေးရသည်။ ယူရီးယားဓာတ်မြေသြဇာကို မြေပြင်စဉ် ၅၀ ကီလိုတစ်အိတ်ထည့်ပေးရပြီး စိုက်ပျိုးပြီး တစ်လနှင့်နှစ်လအကြာတွင် ၅၀ ကီလိုကိုထပ်ထည့်ပေးရသည်။ အသီးသီးချိန်ရောက်လျှင်သတိပြုရမည့်အချက်ရှိသည်။ ထိုအချက်မှာအသီး၏အလေးချိန်ကြောင့် အပင်ယိုင်လဲခြင်းဖြစ်သည်။ အပင်ယိုင်လဲခြင်းမရှိအောင် တိုင်ထောင်ပေးခြင်းပြုလုပ်ရသည်။ ပိုးမွှားရောဂါအနေဖြင့် ခရမ်းခေါင်ညွှန့်ထိုးပိုးကျတတ်သည်။ ထိုအခါ ခရမ်းပင်၏ခေါင်ညွှန့်များညှိုးခြောက်လာတတ်သည်။ သီးလုံးဖောက်ပိုးလည်း ကျရောက်တတ်သည်။ ထိုအခါ ပင်လုံးပြန့်ပိုးသတ်ဆေးဖျန်းခြင်းဖြင့် ကာကွယ်နိုင်သည်။ ရောဂါအနေဖြင့် ပင်ညှိုးရောဂါဖြစ်တန်သည်ကိုသတိပြုသင့်သည်။

## ခရမ်းစိုက်ပျိုးအပိုဝင်ငွေတိုး

ခရမ်းသီးခူးဆွတ်မည်ဆိုပါက အသီး၏ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ခူးဆွတ်နိုင်သည်။ အဝိုင်းသီးများကို ပန်းပွင့်ပြီး ၂၅ ရက်မှ ရက် ၃၀ အတွင်းခူးဆွတ်နိုင်သည်။ လုံးရှည်မျိုးကို ပန်းပွင့်ပြီး ရက် ၃၀ တွင်လည်းကောင်း၊ အလုံးရှည်နှင့် အလွန်ရှည်သောအသီးမျိုးများကို ၃၅ ရက်မှ ၄၀ ရက်အကြာတွင်လည်းကောင်း ခူးဆွတ်နိုင်သည်။ အသီးအရောင်တောက်နေသောအချိန်သည် ခူးဆွတ်စားသုံးရန်အကောင်းဆုံးဖြစ်ပြီး အရောင်မှိုင်းပြီး အသီးရင့်သွားပါက စားသုံးရန်မသင့်တော့ပေ။ အသီးကိုရက်ပတ်ဖြင့် ပုံမှန်ခူးပေးနိုင်သည်။ တစ်ဧကတွင် ပိဿာချိန် ၆၀၀၀ မှ ၈၀၀၀ အထိထွက်သည်။ ခရမ်းသီးကို တချို့ဒေသများတွင် အလေးချိန်ဖြင့်ရောင်းကြသလို တချို့ဒေသများတွင် တစ်လုံးကိုသတ်မှတ်ဈေးနှုန်းဖြင့် တစ်လုံးချင်းရောင်းကြသည်။ ခရမ်းသီးခူးဆွတ်ပြီး အသီးထွက်နှုန်းကျဆင်းသွားပါက လမိုင်းထားခြင်းဖြင့်အသီးထပ်မံရရှိနိုင်သည်။ ပင်ခြေမှ သုံးဆစ်ခန့်ချန်၍ ၆ လက်မ မှ ၈ လက်မအမြင့်မှအပင်ကိုဖြတ်၍ အာဟာရထပ်မံကျွေးခြင်းဖြင့် တစ်လခန့်အကြာတွင် အသီးထပ်မံခူးဆွတ်နိုင်သည်။ ခရမ်းသီးအထွက်နှုန်း ပိဿာ ၈၀၀၀ ထွက်လျှင် အမြတ်ငွေ ၁၀ သိန်းအထိ ရရှိနိုင်သည်။ စာရေးသူဆို အိမ်နောက်ဖေးဈေးဆိုင်တည်ဟူသောစကားအရ အိမ်နောက်ဖေး၌ ခရမ်းပင် ၄-၅ ပင်စိုက်ပျိုးထားရာ ဈေးမှဝယ်မစားရပေ။ မိသားစုတစ်နိုင်စိုက်ပျိုးထားခြင်းဖြစ်သည်။ ခရမ်းသီးသုံး၊ လေးလုံးကိုကြိုးစည်း၍လည်း ရောင်းကြသည်။ စာရေးသူအသိတစ်ယောက်ဆို နောက်ဖေးခြံအတွင်း၌ ခရမ်းပင်များစိုက်ပျိုးထားရာ မိသားစုစားသုံးပြီး ပိုလျှံသည်များကို ရောင်းချနိုင်သဖြင့် မိသားစုအပိုဝင်ငွေရရှိသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံဝယ်သူရှိသော်လည်း အသီးနည်းသဖြင့် မရောင်းချရပေ။ ထို့ကြောင့်ခရမ်းသီးသည် စားသုံးသူများသောအသီးဖြစ်ကြောင်းသိနိုင်သည်။ ထို့ကြောင့် ခရမ်းပင်ကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်သော်လည်းကောင်း၊ အကျိုးအမြတ်များများရရှိရန်အတွက် စီးပွားဖြစ်သော်လည်းကောင်းစိုက်ပျိုးသင့်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံအနေဖြင့် မိသားစုအပိုဝင်ငွေ အတွက်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း သီးပင်စားပင်များကို စိုက်ပျိုးသင့်သည်။ ထိုအခါ အခြားမှဝယ်ယူမစားရသဖြင့် ငွေကုန်သက်သာသလို ပိုလျှံသည်များကိုရောင်းချခြင်းအားဖြင့် အပိုဝင်ငွေကိုရရှိစေသည်။ ခရမ်းသီးသည် ကျန်းမာရေးကိုလည်း အကျိုးပြုသည်။ မိသားစုအတွက် အပိုဝင်ငွေကိုလည်းရရှိစေသည်။ ထို့ကြောင့် စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်သည်။ ယခုအခါ ခရမ်းမျိုးစေ့များကိုစိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံနှင့် ဇီဝဌာနကလည်း ခရမ်းမျိုးများကိုသုတေသနပြုလုပ်၍ ဖြန့်ဖြူးပေးလျက်ရှိကြောင်းသိရသည်။ ထို့ပြင် နိုင်ငံတော်မျိုးစေ့ကော်မတီမှ မှတ်ပုံတင်ခွင့်ရရှိထားသော မျိုးစေ့ထုတ်ကုမ္ပဏီများကလည်း ရောင်းချပေးလျက်ရှိသဖြင့် မိမိကြိုက်နှစ်သက်ရာမျိုးများကိုရွေးချယ်ဝယ်ယူစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိစေဖို့ ခရမ်းစိုက်ပျိုးကြပါစို့ဟုသာ တိုက်တွန်းလိုက်ချင်ပါသည်။ ။

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံနှင့်ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့်ရောင်းချ

နေပြည်တော် မေ ၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း လျှောင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် လေးဆယ့်သုံးရက်နေ့မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



မတ်လ ၃၀ ရက်မှ ယနေ့အထိ ပညာရေးဝန်ထမ်းအိမ်ရာ၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်ရှိယာယီကယ်ဆယ်ရေးစခန်းများ၊ ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခုတင်(၅၀၀) ဆေးရုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းစီစဉ်မှုဖြင့် အမဲသား(အသား) ပိဿာ ၁၂၀၊ အမဲသား (အရိုးအသား) ပိဿာ ၁၅၀ တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့်ပြည်သူများသို့ မေလ ၁၃ ရက်မှစ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများစသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျှောင်ဒဏ်သင့်ဝန်ထမ်းနှင့်ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေလ ၅ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့တွင် ဆန်၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီနှင့်အသားတုံ၊ ခေါက်ဆွဲခြောက်တို့ကိုရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၃၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပါကစ္စတန်နိုင်ငံသား ၃၅ ဦး၊ တောင်အာဖရိကနိုင်ငံသားတစ်ဦး၊ ဗီယက်နမ်နိုင်ငံသား ၂၁၁ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၈၉ ဦး၊ စုစုပေါင်း ၃၃၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Counsellor Mr. Muha-mmad Asif နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖယ်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၁၃၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် လေဗာကူဆင်အသင်းနည်းပြအလွန်ဆိုကိုခန့်အပ်မည်ဟု အတည်ပြုကြေညာ

မက်ဒရစ် မေ ၁၃

ရီးယဲလ်မက်ဒရစ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် လေဗာကူဆင်အသင်းနည်းပြအလွန်ဆိုကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်မည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ရာသီနှင့် တွေ့ကြုံရမည်ဖြစ်သည့်အတွက် ရာသီအကုန်တွင် လက်ရှိနည်းပြအန်ဆယ်လော့တီနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာလမ်းခွဲမည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက အစောပိုင်းကတည်းက နည်းပြအန်ဆယ်လော့တီ၏နေရာတွင် နည်းပြအလွန်ဆိုနှင့်အစားထိုးရန်ကြိုးပမ်းခဲ့ပြီး သဘောတူညီမှုရရှိခဲ့သော်လည်း ယခုအခါမှသာ သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်မည်ဟု အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို ၂၀၂၂ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းကို အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သည်။ လေဗာကူဆင်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း နည်းပြအလွန်ဆိုကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက အစောပိုင်းက ဇွန်လတွင်ကျင်းပမည့် ၂၀၂၅ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို လက်ရှိနည်းပြအန်ဆယ်လော့တီကို တာဝန်ပေးအပ်ရန်စီစဉ်ထားသော်လည်း နည်းပြအန်ဆယ်လော့တီအနေဖြင့် ရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်သည့်အတွက် နည်းပြအလွန်ဆိုကို စတင်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Goal.com*



# ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို စပါးအသင်း အဓိကကွင်းလယ်ကစားသမား မက်ဒီဆင်အပြင် နောက်ထပ်ကွင်းလယ်ကစားသမား ကူလူဆက်စကီးလည်း လွဲချော်ဖွယ်ရှိနေ

လန်ဒန် မေ ၁၃

ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားမည့် စပါးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် စပါးအသင်းမှ အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် မက်ဒီဆင်အနေဖြင့် ဒူးဒဏ်ရာကြောင့် လွဲချော်ရမည်ဖြစ်သည့်အပြင် ယခုအခါ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ကူလူဆက်စကီးလည်း ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ကစားသည့် ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိပြီးနောက် လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

စပါးအသင်း အဓိကကွင်းလယ်ကစားသမား မက်ဒီဆင်သည် မေလ ၂ ရက်က ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် ဘိုဒိုလင့်အသင်းနှင့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိပြီးနောက် အနားယူနေခဲ့ရသည့်အတွက် မန်ယူအသင်းနှင့်ကစားမည့် ယူရိုပါလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ယခုအခါတွင်လည်း အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ကူလူဆက်စကီးပါလွဲချော်ဖွယ်ရှိသောကြောင့် စပါးအသင်းကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာသည်။

ကူလူဆက်စကီးသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို စပါးအသင်းက အဝေးကွင်းတွင် ၂ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်၌ ပွဲချိန် ၁၉ မိနစ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းခေါင်းဆောင် မက်ဂူဟီ၏ဖျက်ထုတ်မှုကြောင့် ဒူးဒဏ်ရာရရှိပြီး ဆက်လက်ကစားနိုင်ခြင်းမရှိတော့သည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ကူလူဆက်စကီးအနေဖြင့် ဒူးဒဏ်ရာမှာပြင်းထန်ပြီး မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိရသေးဘဲ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သောကြောင့် လာမည့် မေလ ၂၁ ရက်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ်ကစားမည့် အရေးကြီးပွဲစဉ်ကို လွဲချော်ဖွယ်ရှိသောကြောင့် စပါးအသင်းကွင်းလယ်ပိုင်းအနေဖြင့် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Sky Sports*

# မန်ယူအသင်းသမိုင်းတစ်လျှောက် နည်းပြဖာဂူဆန်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိ



မန်ချက်စတာ မေ ၁၃

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၆)အဖြစ်ကစားသည့် ဝက်စ်ဟမ်းအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ၂ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် နည်းပြဖာဂူဆန် လက်ထက်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ကို လက်ရှိ နည်းပြအမိုရင်လက်ထက်တွင် ပြန်လည်ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် စံချိန်တင်ရလဒ်ဆိုးများနှင့်ရင်ဆိုင်နေရသည့်အတွက် နည်းပြတန်ဟတ်ကို ရာထူးမှထုတ်ပယ်ပြီးနောက် နည်းပြသစ်အမိုရင်လက်အောက်တွင်လည်း အသင်းအနေဖြင့် ရလဒ်များ ဆက်လက်ဆိုးရွားနေခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် နည်းပြဟောင်း ဖာဂူဆန်တာဝန်ယူကိုင်တွယ်စဉ်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ဖူးပြီး နည်းပြဖာဂူဆန်နောက်ပိုင်း ၂၀၁၅ ခုနှစ်က နည်းပြ ဗန်ဂါးလက်ထက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ဖူးပြီး ၂၀၁၇ ခုနှစ်က နည်းပြမော်ရင်ဟိုနှင့် ၂၀၁၉ ခုနှစ်က နည်းပြဆိုးရှားလ်တို့လက်ထက်တွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ဖူးသော်လည်း ယခုမှသာ နည်းပြအမိုရင်လက်ထက်တွင် ခုနစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် အိမ်ကွင်းရှုံးပွဲ ကိုးပွဲအထိရှိလာသည့်အတွက် အသင်းသမိုင်းတစ်လျှောက် တန်းဆင်းခဲ့ရသည့်နှစ်များဖြစ်သည့် ၁၉၃၀-၁၉၃၁ ဘောလုံးရာသီနှင့် ၁၉၆၂-၁၉၆၃ ဘောလုံးရာသီက အိမ်ကွင်းရှုံးပွဲအများဆုံး မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ယခုဘောလုံးရာသီတွင် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် လာမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ်ကစားမည့် ချယ်လ်ဆီးအသင်းနှင့် ပွဲစဉ်တွင် နိုင်ပွဲဆက်လက်ပျောက်ဆုံးနေမည်ဆိုပါက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်မည်ဖြစ်ပြီး လက်ရှိ ၃၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁၆) နေရာ၌ ရပ်တည်နေပြီး လက်ကျန်ပွဲစဉ်နှစ်ပွဲကိုလည်း ရုန်းကန်ရဖွယ်ရှိကြောင်း သိရသည်။ *Ref;B/R Football*

# ၂၀၃၁ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်ပြီး ၄၈ သင်းဖြင့်ကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဆုံးဖြတ်

ဇူးရစ်ချ် မေ ၁၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၃၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ကာ ပြိုင်ပွဲဝင်အသင်း ၄၈ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် လာမည့် ၂၀၂၆ အမျိုးသားကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်း ၄၈ သင်းဖြင့်ကျင်းပရန် စီစဉ်ပြီးနောက် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လာမည့် ၂၀၃၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အမေရိကန်နိုင်ငံနှင့် ကွန်ကာကပ်ဖ်ဇုန်မှ နိုင်ငံများက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့်နိုင်ငံကို ၂၀၂၆ ခုနှစ်မှသာ ရွေးချယ်မည်ဖြစ်ကာ လက်ရှိတွင် ဂရိတ်ဗြိတိန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် နီးစပ်လျက်ရှိသည်။

လာမည့် ၂၀၃၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၄၈ သင်းဖြင့်ကျင်းပရန် အဆိုပြုချက်တင်သွင်းခဲ့ရာ ထောက်ခံမှုများသည့်အတွက် အတည်ပြုခဲ့ကြောင်း သိရသည်။

*Re;FIFA.Com*

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၂ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၂) ရေနံချက်စက်ရုံဝင်း အတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၆၀၀၀)နှင့် မင်းဘူးမြို့ မန်းရေနံမြေအတွင်း၌ တရားမဝင် ရေနံစိမ်း ဂါလန် (၇၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀) တို့ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်၊ ကိုးပင်ကျေးရွာ၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၆၁၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟသ်ာရပ်ကွက်၊ ရွာမလမ်း၊ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၀)အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက် ကုန်ပစ္စည်း(၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၄၈၂၄၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည် ရွှေသိမ်တော်ဘုရားအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၃၂၀၀၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၉၇၆၈၂၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး၊ လူသုံးကုန် ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၂)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၈၀၈၀၀၀၀)**ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင် တံတားပူးပေါင်းစစ်ဆေးရေးဂိတ်(တရုတ်လှ ဘက်ခြမ်း)၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၄၃၅၀၀၀၀)**ကို ဖမ်းဆီးရမိ ခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





နိုင်ဂရု(ပ်)ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၉၅၀၀၀၀)ကိုလည်းကောင်း၊ နိုင်ဂရု(ပ်) ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၂၅၈၂၉၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. War Nate Za ရေယာဉ် (၁)စင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၇၂၀၈၂၉၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက် လျက်ရှိသည်။

မေလ ၁၂ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၇)မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၉၁၅၆၇၅၃၅)**ကို ဖမ်းဆီးရမိခဲ့ပါ သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည် နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှု များကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ တရားမဝင် ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

---

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထား သည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေ သောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွား မည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုမူလုပ်ဆောင်ခဲ့သည့် “Aung Myat Thu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ကျောက်ပန်းတောင်း မြို့နယ်၊ ပုပ္ပါးကျေးရွာနေ အောင်မြတ်သူ(ခ) ကိုအောင်အား မွန်းလွဲ ၂ နာရီ ၄၀ မိနစ်တွင် လည်းကောင်း၊ “Phoo Pwint Wai” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ တံတားဦးမြို့နယ်၊ သစ်တော်ဖျား(မြောက်) ကျေးရွာနေ ဖူးပွင့် ဝေ(ခ)ဖူးဖူးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ် တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင် ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးတက္ကသိုလ်
## ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(PhD)သင်တန်းကို အောက်ဖော်ပြပါအထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (၁) | မြန်မာစာ | (၉) | နိုင်ငံတကာဆက်ဆံရေးပညာ |
| (၂) | အင်္ဂလိပ်စာ | (၁၀) | ဓာတုဗေဒ |
| (၃) | ပထဝီဝင် | (၁၁) | ရူပဗေဒ |
| (၄) | သမိုင်း | (၁၂) | သင်္ချာ |
| (၅) | ဒဿနိကဗေဒ | (၁၃) | သတ္တဗေဒ |
| (၆) | စိတ်ပညာ | (၁၄) | ရုက္ခဗေဒ |
| (၇) | ဥပဒေပညာ | (၁၅) | ဘူမိဗေဒ |
| (၈) | အရှေ့တိုင်းပညာ | (၁၆) | အဏုဇီဝဗေဒ |

၂။ ပါရဂူဘွဲ့(PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) **၂၀၂၅ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့**တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့်(၁)နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ**ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ/သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ်အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲကထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ**ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ(၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ(၃)နာရီမေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာလက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည်(ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ)လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ/သရုပ်ပြ(သို့မဟုတ်)ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့်အထက်ရရှိသူ(သို့မဟုတ်)အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ မန္တလေးတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင်သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် (၂၀-၅-၂၀၂၅)ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(PhD)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဝင်ရောက်ဖြေဆိုရမည်-

(က) ၂၂-၅-၂၀၂၅(ကြာသပတေးနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၃-၅-၂၀၂၅(သောကြာနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့်မဟာသုတေသနဘွဲ့ရရှိထားသူများကို (၂၉-၅-၂၀၂၅)ရက်နေ့(ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး/ဒုဌာနမှူး/မော်ကွန်းထိန်း(ဖုန်းနံပါတ်-၀၉-၄၃၁၀၃၀၀၂၊ ၀၉-၄၀၂၆၆၂၂၅၃)ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး-သင်တန်းရေးရာ**
**မန္တလေးတက္ကသိုလ်**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ပြင်ဦးလွင်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အမှတ်စဉ်(၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောကျပ်(၂၀၀)သန်းအောက် လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၁၅-၅-၂၀၂၅ ရက်/ ရုံးချိန်အတွင်း (ကြာသပတေးနေ့)

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန် - ၂၈-၅-၂၀၂၅ ရက်/ (၁၂:၀၀)နာရီ (ဗုဒ္ဓဟူးနေ့)

(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်

(ဃ) တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် - ၂၉-၅-၂၀၂၅ ရက်/ (၉:၃၀)နာရီ (ကြာသပတေးနေ့)

(င) တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၅-၂၀၂၂၆၄၉ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
## ရေဝတီတိုင်းဒေသကြီး ရုံးလုပ်ငန်းတစ်ရပ်လုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါများခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရေဝတီတိုင်းဒေသကြီးရုံး။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်ရာနေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရေဝတီတိုင်းဒေသကြီးရုံး၊ ကင်မလင်းကျွန်းရပ်ကွက်၊ မဉ္ဇူလမ်း၊ ပုသိမ်မြို့။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၄-၅-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း

တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - (၂၇-၅-၂၀၂၅)ရက်နေ့ ညနေ(၄:၃၀)နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၂၊ ရေဝတီတိုင်းဒေသကြီးရုံး၊ ဖုန်း ၀၉-၇၇၆၆၈၅၂၄၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

### ဖခင်အမည်မှန်

ပဲခူးမြို့ End.less Joy Private School Grade-3 မှ အောင်မော်ကွန်းသွင်(ခ)ဘုံဘုံ၏ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျာလင်း ၂/လကန(နိုင်)၀၇၈၉၄၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျာလင်း**

### အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က{မြို့အနောက်(ခ)ကျောင်း}၊ Grade-3 မှ (ဘ)ဦးကျော်သူမိုး၏သား မောင်ထက်ဝေယံကျော်အား မောင်မြင့်မြတ်အောင်ဟုလည်းကောင်း၊ မောင်အာကာထက်ဟိန်းအား မောင်အောင်ဟိန်းဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြင့်မြတ်အောင်**
**မောင်အောင်ဟိန်း**

### ပျောက်ဆုံးကြောင်း

မင်းသုခ(ဘ)ဦးကျော်မင်းထွန်း ၁၂/သဃက(နိုင်)၁၈၈၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 818620)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၁၀၅၉၉၁

### ပျောက်ဆုံးကြောင်း

ခွါညိုလှိုင်ဝင်း(ဘ)ဦးစန်းဝင်း ၉/အမရ(နိုင်)၁၁၉၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 433794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နေ (ဘ)ဦးဂိုဆွန်းထန်၏သား ၄/တတန(နိုင်)၀၄၁၂၈၂ ကိုင်ဆောင်သူ ကျော်နိုင်လင်း(ခ)ကျင့်လမ်ထန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကျော်နိုင်လင်း(ခ)ကျင့်လမ်ထန်**

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ မူလွန်(သပြေရိုး)ကျောင်း၊ Grade-6 မှ (ဘ)ဦးအောင်ကိုသိန်း၏သား မောင်ဘုန်းတေဇနိုင်အားမောင်ဟန်လင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟန်လင်းသန့်**

### ပျောက်ဆုံးကြောင်း

မြရွှေလှသာမောင်(ဘ)ဦးဆန်းထွေးမောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 750523)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၂၂၇၀

### ပျောက်ဆုံးကြောင်း

သုန်နန္ဒီရန်ရှင်း(ဘ)ဦးစိုးရန်ရှင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 758702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၂၂၇၀

### အမည်ပြောင်း

ပဲခူးမြို့၊ အမှတ်(၉)၊ အခြေခံပညာအထက်တန်းကျောင်း၊ တတိယတန်းမှ (ဘ)ဦးအောင်ခန့်သူ၏သမီးမစုထက်ရတီဝင်းအား မစုထက်ရတီဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုထက်ရတီ**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင်သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၁၃-၅-၂၀၂၅/နံနက် ၁၀:၀၀ နာရီ

တင်ဒါပိတ်မည့်ရက် - ၂၇-၅-၂၀၂၅/နေ့လယ် ၁၅:၀၀ နာရီ

တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၉၂၅**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အသုံးပြုရန် လျှပ်စစ်ပြန်ႈတီးယိုယွင်းမှုတိုင်းတာရေးကိရိယာ(Ultrasonic Device)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၅-၅-၂၀၂၅)ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၉-၅-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်နေ အဘ စိုင်းထွန်းနိုင်၏သမီး နန်းလောက်ခမ်းနှင့် နန်းချစ်စနိုးဦး ၁၃/ကမန(နိုင်)၁၆၂၄၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းလောက်ခမ်း(ခ)နန်းချစ်စနိုးဦး**

### ပျောက်ဆုံးကြောင်း

မျိုးပိုင်ထွန်း(ဘ)ဦးအောင်နိုင် ၇/ညလပ(နိုင်)၂၂၆၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဇော်မျိုးထက်(ဘ)ဦးမြင့်လှိုင် ၁၂/သကတ(နိုင်)၀၇၂၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၇၂၀၅၆၁

### ပျောက်ဆုံးကြောင်း

မဂျင်မထွေး(ဘ)ဦးကိုလေး ၅/ကမန(နိုင်)၀၀၃၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 656776)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဟန်နှင်းနှင်းထွေး(ဘ)ဦးမောင်မောင်ထွေး ၁၂/ဗဟန(နိုင်)၁၁၃၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 413960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ထွန်းဝင်းမြင့်(ဘ)ဦးထွန်းလှိုင် ၁၃/နမတ(နိုင်)၀၀၇၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အောင်သူဝင်း(ဘ)ဦးဝင်းရွှေ ၈/မသန(နိုင်)၁၁၁၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 012969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၅၉၉၂၃

---

**ပျောက်ဆုံးကြောင်း**

မိုးမင်းထွန်း(ဘ)ဦးကျော်စိန် ၉/ရမသ(နိုင်)၁၇၁၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

မဂျက်ဂျက်(ဘ)ဦးမောင်မောင် ၉/ညဥန(နိုင်)၂၀၀၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(OM 025178)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၆၃၉၃၇၁၅

**ပျောက်ဆုံးကြောင်း**

မြတ်မြတ်မိုးဦး(ဘ)ဦးမြင့်နိုင် ၁၂/သခန(နိုင်)၁၃၁၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၀၇၇၃၆


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK
MYANMAR ECONOMIC CORPORATION
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်အားလုံးအနေဖြင့် "အတ္တနှင့်ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ် . . .**

❖ **မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန် လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



တရုတ်နိုင်ငံမှလှူဒါန်းသည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိစဉ်။

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့်ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၁၃

၂၈-၃-၂၀၂၅ ရက်ကလှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သောပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းထောက်ပံ့မှုနှင့် ဧပြီလ ၂၈ ရက်နေ့မှ မေလ ၄ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။


**စာမျက်နှာ ၆ ကော်လံ ၁ ❐**

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်သည့်အခြေအနေ

နေပြည်တော် မေ ၁၃

**အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။**

**(မိုး/ဇလ)**




၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်ပြပုံ

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

**နိုင်ငံတကာသတင်း**

**တရုတ်ရေတပ်က ရေယာဉ်၏ကိုယ်ပျောက်စွမ်းရည်တိုးစေမည့်လေ့ကျင့်ခန်းကို AI အသုံးပြုဆောင်ရွက်** စာ - ၂၃ သို့

**ရုရှားက ယူကရိန်းနှင့်အစ္စတန်ဘူလ်ဆွေးနွေးပွဲအတွက် ဆက်လက်ပြင်ဆင်နေဆဲဖြစ်ဟုဆို** စာ - ၂၃ သို့

**မိုးကြီးမည့်သတိပေးချက်** စာ - ၁၅ သို့

